မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ရက်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာ ၁၅ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၄၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပထမအကြိမ် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပထမအကြိမ် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စင်ကာပူသမ္မတနိုင်ငံ၌ကျင်းပမည့် ပထမအကြိမ် အာဆီယံ- အမေရိကန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀နာရီက အထူးလေယာဉ်ဖြင့် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပထမအကြိမ် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် နိုဝင်ဘာ ၁၅ရက်)

မျက်စိကျန်းမာရေး အထူးဂရုပြုစောင့်ရှောက် ကျန်းမာရေးရည်မှန်းချက်များပေါက်မြောက်ရေး လက်တွဲပါဝင်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်ရောက်ရှိရန် ကြိုးပမ်းဖော်ဆောင်ရာ၌ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကိုလည်း မြှင့်တင်ပေးလျက်ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ လူ့ခန္ဓာကိုယ်တွင် အရေးကြီးဆုံးဖြစ်သည့် မျက်စိကျန်းမာရေးကိုလည်း အထူးဂရုပြု ဆောင်ရွက်ပေးလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ မှတ်တမ်းများအရ ကမ္ဘာတစ်ဝန်း မျက်စိအမြင်မကောင်းသူ ၃၁၄သန်းခန့်ရှိပြီး ၄င်းတို့အနက် လူဦးရေ ၄၅သန်းသည် လုံးဝမျက်စိကွယ်သူများဖြစ်၍ ၂၆၉သန်းသည် လူတန်းစေ့ အမြင်အာရုံမရှိဘဲ မျက်စိမှုန်နေကြသူများဖြစ်ကြောင်း သိရသည်။

(၂၁)ကြိမ်မြောက် မျက်စိဆရာဝန် ညီလာခံဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ရက်နေ့က ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပခဲ့ပြီး မျက်စိရောဂါဆိုင်ရာ စာတမ်းပေါင်း ၂၄စောင်ကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ၁၉၉၈ခုနှစ် စစ်တမ်းအရ လူဦးရေ သန်း ၅၀ကျော်တွင် မျက်မမြင်ဦးရေ သုံးသိန်းခန့်ရှိပြီး မျက်မမြင်နှုန်း ၀ဒသမ ၆ရာခိုင်နှုန်းခန့်ရှိသည်။ မြန်မာနိုင်ငံ၏ မျက်စိရောဂါဖြစ်ပွားမှု အခြေအနေကိုကြည့်လျှင် မျက်မမြင်ဖြစ်ရသည့်ရောဂါ ၈၀ရာခိုင်နှုန်းသည် ကာကွယ်ကုသ၍ရသည့် ရောဂါဖြစ်သည်။

မျက်စိရောဂါနှင့်ပတ်သက်၍ ပညာပေးခြင်းကို ပြည်သူလူထုအတွင်း ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထောက်ပံ့မှုဖြင့် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းလက်အောက်တွင် အခြေခံမျက်စိရောဂါစောင့်ရှောက်မှု သင်တန်းကျောင်းကို ၂၀၀၀ပြည့်နှစ်မှစ၍ ကျောက်ဆည်ခရိုင်တွင်ဖွင့်လှစ်ခဲ့ပြီး တစ်နိုင်ငံလုံးရှိ လူထုနှင့်ထိတွေ့နေသော ကျန်းမာရေးဌာနက ကျန်းမာရေးဝန်ထမ်းများအား မျက်စိကျန်းမာရေးပညာကို ဖြန့်ဖြူးသင်ကြားပေးလျက်ရှိသည်။

ယခုအခါ မျက်စိအထူးကုဆရာဝန်ကြီးများသည် ပြည်နယ်နှင့်တိုင်းရှိ မြို့နယ်၊ ကျေးရွာများအထိ ကွင်းဆင်းကုသပေးလျက်ရှိရာ ဓိဝိတဒါန အခမဲ့မျက်စိစမ်းသပ်စစ်ဆေး ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် တိုင်းရင်းသား ပြည်သူများသည် ကျန်းမာကြံ့ခိုင်နေပါမှ နိုင်ငံတော်အတွက် ကာယ၊ ဉာဏစွမ်းအားများ ဖြည့်စွမ်းပေးနိုင်မည်ဖြစ်၍ လူ့ခန္ဓာကိုယ်တွင် အရေးကြီးဆုံးဖြစ်သည့် မျက်စိကျန်းမာရေးကို အထူးဂရုပြု စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကွမ်းခြံကုန်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် ဥပဒေနှင့်ညီညွတ်သူများအား အိမ်ထောင်စု လူဦးရေစာရင်းများ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ရက် နံနက် ၉နာရီခွဲက ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၅၂ကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်း ၂၈၃စောင် ထုတ်ပေးခဲ့ကြောင်း သိရသည်။ ***(အပေါ်ပုံ)*** ***(ခရိုင် လ၀က)***

ကမမောင်းမြို့၌ မိုးစပါးစံပြကွက်ရိတ်သိမ်း

ကမမောင်း နိုဝင်ဘာ ၁၄

ကရင်ပြည်နယ် ကမမောင်းမြို့ အထက်မီးဖိုင်း ကွင်းအမှတ်(၄)တွင် မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲကို နံနက် ၇နာရီခွဲက ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ထွန်းနှင့် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ စိုက်ပျိုးရေးမန်နေဂျာ ဦးကြည်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တောင်သူများ၏ စုပေါင်းစံကွက် ရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

အဆိုပါ စံပြကွက်ရိတ်သိမ်းပွဲ၌ တောင်သူဦးစိုးလှိုင်၏ ဆင်းသွယ်လတ်စပါးစိုက်ခင်းတွင် တစ်ဧကအထွက်နှုန်း ၉၃ ဒသမ ၉၁တင်း၊ တောင်သူဦးချစ်လှိုင်၏ ရွှေဘို-၁စပါးစိုက်ခင်းတွင် တစ်ဧကအထွက်နှုန်း ၁၀၁ဒသမ၇၄တင်း ထွက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၅-၁၁-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ကျွန်တော်နှင့်ဘဲရုပ်ဆိုး** (အပိုင်း-၂၄)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အဖြူရောင်သံစဉ်**
၁၃း၃၀	၆။	ကျန်းမာသုတ
၁၃း၄၅	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၄၂)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၉။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၀။	လျှပ်တစ်ပြက်
၆း၃၀	၁၁။	ဘဝကြေးမုံ **ဟဲ့-နွား** ကိုရူပ၊ ဖိုးသောကြာ၊ မီးမီး
၆း၄၅	၁၂။	ဂင်းနက်စ်စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှူခင်းရဲ** (အပိုင်း-၁၀)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၂)

သန်လျင်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၏၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ၇ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်စည်သူအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မြင်းခြံ၌ဆွေးနွေး

မြင်းခြံ နိုဝင်ဘာ ၁၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် နိုဝင်ဘာ ၂ရက်မွန်းလွဲ ၂နာရီက မြင်းခြံခရိုင်ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်၊ ဒုတိယဦးစီးမှူး ဦးဇော်မင်း၊ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ ခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စံ(၅)ချက်ပြည့်မီရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ခိုင်မာသည့် စာငှားကတ်စနစ်တို့ဖြင့် ငှားရမ်းနိုင်ရေး၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ လိုက်နာရေးတို့ကို ဆွေးနွေးပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရွှေပြည်သာ၌ဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၄

နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံ)ဦးမောင်ဖေသည် နိုဝင်ဘာ ၁၀ ရက် ညနေ ၄နာရီက ရန်ကုန်တိုင်းဦးစီးမှူး ဦးမြင့်ဆွေနှင့်အတူ ရွှေပြည်သာမြို့နယ်ရုံးသို့ရောက်ရှိပြီး ဦးစီးအရာရှိနှင့်ဝန်ထမ်းများအား တွေ့ဆုံကာ ဝန်ကြီး၏မှာကြားချက်များနှင့်အညီ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်နိုင်ရေး၊ သတ်မှတ်စံ(၅)ချက်နှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ဝန်ထမ်းများအရည်အသွေးမြင့်မားရန် ကြိုးစားဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ဆွေးနွေးသည်။

စစ်ဆေး

ဆက်လက်၍ မြို့နယ်ရုံးမှ လစဉ်စာအုပ်ဝယ်ယူမှု၊ လစဉ်လှူဒါန်းရရှိမှု၊ စာဖတ်၊ စာငှားစာရင်းထားရှိမှု၊ အလှူရှင်တိုးပွားရန်ဆောင်ရွက်မှုနှင့် စာအုပ်စာစောင်တိုးပွားရန် ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး(စီမံ) ဦးမောင်ဖေက လိုအပ်သည်များကို မှာကြားသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အာဆီယံဝန်ကြီးများ အစည်းအဝေးမှ ပြန်လည်ရောက်ရှိ
ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့

နေပြည်တော် နိုဝင်ဘာ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၀ရက် နံနက် ၉နာရီခွဲက ဘရူနိုင်းဒါရုဆလင်နိုင်ငံ၊ ဘန်ဒါဆီရီဘီဂါဝန်မြို့ Empire ဟိုတယ်၌ကျင်းပသော (၃၁)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဖွင့်လှစ်ပေး

အဆိုပါ အခမ်းအနားသို့ အာဆီယံ (၁၀)နိုင်ငံမှ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အခြားပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဘရူနိုင်း ဒါရုဆလင်နိုင်ငံ စက်မှုနှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E Yang Beharnat Pehin Dato Yahya က (၃၁)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးသဘာပတိအနေဖြင့် အမှာစကား ပြောကြားသည်။ ထို့နောက် ဘရူနိုင်းဒါရုဆလင်နိုင်ငံ ဘုရင်၏သားတော် အိမ်ရှေ့မင်းသား ဝန်ကြီးချုပ်ရုံး ဝန်ကြီး HRH Pg Muda Haji Al-Muhtadee Billah က အဖွင့်အမှာစကား ပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဘရူနိုင်း စိုက်ပျိုးရေးဝန်ကြီးက အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ပါဝင်ဆွေးနွေး

ယင်းနောက် အစည်းအဝေးကိုကျင်းပရာ ၂၀၀၈ခုနှစ် အကြိမ်(၃၀)မြောက် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးက အမှာစကားပြောကြားပြီး ၂၀၀၉ခုနှစ် (၃၁)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများအစည်းအဝေး သဘာပတိ ဘရူနိုင်းဒါရုဆလင်နိုင်ငံ စက်မှုနှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ ဝန်ကြီး H.E Yang Beharnat Pehin Dato Yahya က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကမ္ဘာနှင့်အဝန်း ယနေ့ကြုံတွေ့လာရသည့် ရာသီဥတုပြောင်းလဲမှုကြောင့် စားနပ်ရိက္ခာဖူလုံမှုအပေါ် စိန်ခေါ်ခြိမ်းခြောက်မှု ဆိုးကျိုးများ လျော့နည်းရေးနှင့် ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ လိုက်လျောညီထွေ ကျင့်သုံးဆောင်ရွက်ရေးလုပ်ငန်းများ၌ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်း လယ်ယာနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ ခေတ်မီကျွမ်းကျင်မှုနည်းပညာများ ဖြန့်ဝေအသုံးပြုရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး၊ လူ့အရင်းအနှီးဖွံ့ဖြိုးရေးအတွက် သင်တန်းအစီအစဉ်များ ဆွေးနွေးအတည်ပြုရေး၊ အဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံတကာစံနှုန်းနှင့် လုပ်နည်းစနစ်များ တစ်ပြေးညီ ချမှတ်ကျင့်သုံးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပါဝင်ဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးခဲ့

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် နိုဝင်ဘာ ၁၀ရက်တွင် (၃၁)ကြိမ်မြောက် အာဆီယံဝန်ကြီးများ အစည်းအဝေးကျင်းပသည့် ကာလအတွင်း အစည်းအဝေးတက်ရောက်လာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီး (Ir. H. Suswono, M.MA) နှင့် နှစ်နိုင်ငံ လယ်ယာကဏ္ဍ၌ နည်းပညာနှင့် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၁၁ရက် နံနက်ပိုင်းတွင် နဝမအကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံအစည်းအဝေးကို ကျင်းပရာ အစည်းအဝေးသို့ အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ လယ်ယာနှင့်သစ်တောဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ အခြားပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလင်နိုင်ငံ ဘုရင့်နန်းတော်ခန်းမသို့ သွားရောက်၍ ဘရူနိုင်းဒါရုဆလင်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာ ဒင်ဝါဒိုလာအား ဂါရဝပြုတွေ့ဆုံသည်။

လက်မှတ်ရေးထိုး

ယင်းနောက် အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံနှင့် အပေါင်းသုံးနိုင်ငံတို့မှ ခေါင်းဆောင်များသည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောဆိုင်ရာ ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းဆိုင်ရာ နည်းလည်မှုစာချွန်လွှာ ၂၀၀၉-၂၀၁၄ခုနှစ်ကို လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်မှုကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့၏လယ်ယာနှင့် သစ်တောထွက်ကုန်များ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတွင် ရေရှည် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးမြှင့်ရေးအတွက် အရေးပါသည့် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ၊ နည်းပညာလွှဲပြောင်း အသုံးချမှုများ၊ စံချိန်စံညွှန်းများ တစ်ပြေးညီ သတ်မှတ်ခြင်းနှင့် ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုလုပ်ငန်းများကို ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ (၃၁)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၉)ကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံအစည်းအဝေးများ၏ သတင်းထုတ်ပြန်ချက်အပေါ် သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

တက်ရောက်

ညပိုင်းတွင် ဘရူနိုင်းဒါရုဆလင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးက (၃၁)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၉)ကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံ အစည်းအဝေး တက်ရောက်လာကြသော ကိုယ်စားလှယ်အဖွဲ့များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

နိုဝင်ဘာ ၁၂ရက် မွန်းလွဲပိုင်းတွင် ဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလင်နိုင်ငံမှ ပြန်လည်ထွက်ခွာလာရာ ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသ၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၄

<u>ယနေ့နံနက် ၉း၃၀ နာရီအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့သည်မှအပ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မန္တလေးတိုင်းနှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့တွင် ၈ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ဒသမ ၀၈လက်မ ဖြစ်သည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

<u>နိုဝင်ဘာ ၁၅ ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအနည်းငယ်သာရှိမည်။

<u>နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

<u>နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၅ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> အများအားဖြင့် သာယာမည်။

<u>ရန်ကုန်မြို့နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် နိုဝင်ဘာ ၁၅ ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အဝလွန်သူများ အဆီလျှော့စားကြရန် ဆေးသိပ္ပံပညာရှင်များ တိုက်တွန်း

ကစီဓာတ်နည်းသည့် အစားအစာနှင့် အဆီနည်းသည့် အစားအစာ နှစ်မျိုးစလုံးက အဝလွန်သူတစ်ဦးချင်းကို ကိုယ်အလေးချိန်လျှော့ချရာတွင် အထောက်အကူဖြစ်သည်။

သို့သော် အဆီနည်းသည့် အစားအစာက ပိုမိုထိရောက်ရုံမက စိတ်ငြိမ်းချမ်းမှုကိုပင် ပေးစွမ်းနိုင်သည် ဆို၏။

စိတ်ငြိမ်းချမ်းမှု

အဝလွန်သူများအဖို့ ကိုယ်အလေးချိန်လျှော့ချနိုင်ခြင်းမှာ ယေဘုယျ စိတ်ငြိမ်းချမ်းမှုကို ပေးနိုင်သည်။ ကိုယ်အလေးချိန် လျှော့ချခြင်းဖြင့် သွေးဥမွှား၊ အုန်းရုံ၊ ဦးနှောက်နှင့် အာရုံကြောမကြီးတို့၌ တွေ့ရသော ဓာတုပစ္စည်းများအပေါ် အကျိုးသက်ရောက်ပြီး အဝလွန်သူတစ်ဦးချင်းအနေဖြင့် စိတ္တသုခကို ခံစားကြရမည်။

အကြံပြု

ထို့ကြောင့် အဝလွန်သူဦးရေများလာသည့် ယခုခေတ်တွင် အဆီလျှော့စားကြရန် အဝလွန်သူများအား ဆေးသိပ္ပံပညာရှင်များက အကြံပြုတိုက်တွန်းထားသည်။

MONYWA OPEN Golf Championship
ဂေါက်သီးရိုက်ပြိုင်ပွဲ မုံရွာဂေါက်ကလပ်တွင် နိုဝင်ဘာ ၁၉ရက်မှ ၂၂ ရက်အထိကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူး၍ Future Engineering Group မှ အဓိက ကူညီပံ့ပိုးသော MONYWA OPEN Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ရက်မှ ၂၂ရက်အထိ စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် Professional အဆင့်နှင့် အပျော်တမ်းအဆင့် (Handicap 0-12) အဆင့်ရှိသူများသာ ပါဝင် ယှဉ်ပြိုင်ခွင့်ပြုသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်မည်ဖြစ်သည်။

အမည်စာရင်း

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် နိုဝင်ဘာ ၁၇ရက် မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဖုန်း-၀၉-၅၀-၁၇၀၄၉၊ ၀၉-၂၀-၃၇၆၇၁နှင့် မုံရွာ ဂေါက်ကလပ် ဖုန်း-၀၇၁-၂၁၅၅၀ တို့၌ အမည်စာရင်း ပေးသွင်းနိုင်သည်။

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် Future Engineering Group က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များအဖြစ် International Beverages Trading Co., Ltd (IBTC) နှင့် မုံရွာ ဂေါက်ကလပ်တို့က ထပ်မံ ပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။ **(ဂေါက်သီးအဖွဲ့ချုပ်)**

ပြည်နယ်နှင့်တိုင်း အခြေခံပညာအဆင့် အသက်(၁၆)နှစ်နှင့်အောက် အမျိုးသား၊အမျိုးသမီး
ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

ပညာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်က ကြီးမှူး၍ ပထမအကြိမ် အခြေခံပညာအဆင့် ပြည်နယ်နှင့်တိုင်း အသက်(၁၆)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ အမှုဆောင်များနှင့် ဘတ်စကက်ဘော အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အနိုင်ရ

အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ကချင်ပြည်နယ်ကို ၇၀-၄၃မှတ်ဖြင့် နိုင်ပြီး မန္တလေးတိုင်းက ဧရာဝတီတိုင်းကို ၅၄-၁၆ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ကချင်ပြည်နယ်ကို ၄၂-၈ မှတ်ဖြင့်နိုင်ပြီး စစ်ကိုင်းတိုင်းက ဧရာဝတီတိုင်းကို ၅၁-၆မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစား

ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို နိုဝင်ဘာ ၁၅ရက် နံနက် ၈နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသား ပထမအကြိမ်ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း၊ အမျိုးသမီး ပထမအကြိုဗိုလ်လုပွဲတွင် မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အမျိုးသား ဒုတိယအကြိုဗိုလ်လုပွဲတွင်ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်း၊ အမျိုးသမီး ဒုတိယအကြိုဗိုလ်လုပွဲတွင် စစ်ကိုင်းတိုင်းနှင့် ရန်ကုန်တိုင်းတို့ အသီးသီးယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်း အခြေခံပညာအဆင့် အသက်(၁၆)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ (အမျိုးသမီး)ပွဲစဉ်တွင် ရန်ကုန်တိုင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

အထက(၂) ဒဂုံ (မြို့မ) ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ

နေပြည်တော် နိုဝင်ဘာ ၁၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက(၂) ဒဂုံ (မြို့မ) ကျောင်းသား ကျောင်းသူဟောင်းများ၏(၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက (၂) ဒဂုံ ဦးဘလွင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ပါရန်နှင့် အလှူငွေများကို ကိုအောင်မိုးသိန်း ဖုန်း-၁၉၅၀-၇၀၃၄၂၊ ဒေါက်တာဆွေလှ ဖုန်း-၁၉၅၀-၀၁၃၀၀၊ မဆွေမျိုးမြင့် ဖုန်း-၅၇၇၄၀၉၊ ဒေါက်တာအောင်ကျော်လင်း- မစံပါယ် ဖုန်း-၂၂၄၇၄၄၊ မစာဆို ဖုန်း-၀၉-၅၀-၈၇၀၄၄၊ မစန်းစန်းဝင်း ဖုန်း-၃၈၃၇၃၇၊ ကိုသတိုးကြည်ဆွေ ဖုန်း-၅၄၂၁၂၃၊ မခင်မိုးလွင် ဖုန်း-၀၉-၅၁-၅၈၃၅၂၊ မတင်ရည်ရည်ဦး ဖုန်း-၅၂၄၃၀၀၊ ကိုဗညား ဖုန်း-၀၉-၈၀-၃၀၇၇၈၊ မသီတာ ဖုန်း-၅၈၄၄၂၀၊ မစိုးစိုးဝင်း ဖုန်း-၀၉-၅၀-၅၁၇၂၅၊ ကိုစိန်မင်း ဖုန်း-၅၅၅၅၈၇၊ မသင်းကြူမော်ဦး ဖုန်း-၀၉-၅၀-၂၉၃၈၂၊ အိဂျူလိုင်လှမြင့် ဖုန်း-၀၉-၅၁-၂၄၇၀၄၊ မခင်ဆွေမွန်အောင် ဖုန်း-၀၉-၅၀-၄၂၀၉၁ နှင့် ကိုဝေဖြိုး ဖုန်း-၀၉-၅၁-၈၈၇၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တာ့မင်နစ္စတန်ဓာတ်ငွေ့ အီရန်သို့ပို့ရန် ဓာတ်ငွေ့ပိုက်လိုင်းပြီးစီး

အက်စ်ဂါဘတ် နိုဝင်ဘာ ၁၄

တာ့မင်နစ္စတန်နိုင်ငံအနေဖြင့် အီရန်က ရုရှားနိုင်ငံပိုင် ဓာတ်ငွေ့ပိုက်လိုင်းအပေါ် အားထားနေရမှုကို လျော့နည်းသွားစေရန် အတွက် အီရန်နိုင်ငံသို့ ပို့လွှတ်ပေးမည့် ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု တည်ဆောက် သွယ်တန်းပြီးစီးသွားပြီဖြစ်ကြောင်း တာ့မင် နစ္စတန်နိုင်ငံက ပြောကြားသည်။

ကြေညာ

အီရန်နိုင်ငံသို့ တာ့မင်ဂတ်စ်ကုမ္ပဏီ၏ သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက် သွယ်တန်းမှု ပြီးစီးသွားပြီဖြစ်ကြောင်း တာ့မင်ဂတ်စ်ကုမ္ပဏီက ပြောကြားသည်။ အဆိုပါဓာတ်ငွေ့ ပိုက်လိုင်းတွင် သဘာဝ ဓာတ်ငွေ့များ အပြည့်အဝပို့လွှတ်ပေးနိုင် သည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ် ကြောင်း ကြေညာသည်။

(အင်တာနက်)

ပေကျင်းမြို့လေကြောင်းဆိုင်ရာပြတိုက်

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ တရုတ်လေကြောင်းဆိုင်ရာပြတိုက်အတွင်း ပြသထားသည့် တိုက်လေယာဉ်များကို နိုဝင်ဘာ ၁၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အိုကီနာဝါရှိ ကန်စစ်စခန်းကိစ္စ မကြာမီ သဘောတူညီမှုရမည်

တိုကျို နိုဝင်ဘာ ၁၄

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းပေါ်ရှိ အမေရိကန်စစ်စခန်းအရေးနှင့် ပတ်သက်၍ မကြာမီ သဘောတူညီမှုရရှိမည်ဖြစ်ကြောင်း အမေရိကန်အစိုးရနှင့် ဂျပန်အစိုးရတို့က ကြေညာ သည်။

ပြောကြား

အိုကီနာဝါကျွန်းပေါ်မှ အမေရိကန်တပ်စခန်းနှင့် ပတ်သက်၍ မိမိတို့သဘောတူညီမှု ရကြမည်ဖြစ်ကြောင်း မိမိတို့ကြေညာလိုက်သည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး အိုကာဒါက နိုဝင်ဘာ ၁၁ရက်၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် တွေ့ဆုံ အပြီးတွင် ပြောကြားလိုက်သည်။

ကန့်ကွက်

အိုကီနာဝါကျွန်းတွင် အမေရိကန်တပ်စခန်းထားရှိမှုနှင့်စပ်လျဉ်း၍ မကြာမီက ဒေသခံ ပြည်သူတို့၏ ကန့်ကွက်ဆန္ဒပြမှုဖြစ်ပွားခဲ့သည်။ ယခင်ကလည်း တပ်စခန်းရုပ်သိမ်းရေး ဆန္ဒပြတောင်းဆိုမှုများရှိသည်ဟု ဆိုသည်။ (အင်တာနက်)

အာဖဂန်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ရေး ကန်အရာရှိတိုက်တွန်းမှု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ငြင်းပယ်

ဇင်ဘာဘွေ နိုဝင်ဘာ ၁၄

ဩစတြေးလျဝန်ကြီးချုပ် ကီဗင်ရဒ်သည် ယခုရက်သတ္တပတ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံသို့ ရောက်ရှိခဲ့စဉ် အမေရိကန်ထိပ်တန်း အရာရှိက အာဖဂန်သို့ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး တိုက်တွန်းနေသည့်ကြားမှပင် ဩစတြေးလျနိုင်ငံမှ တပ်ဖွဲ့ဝင်များ ထပ်မံ စေလွှတ်မည်မဟုတ်ကြောင်းကို နိုဝင်ဘာ ၁၂ရက်တွင် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး စတီဖင်စမစ်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏တိုက်ပွဲများကို ပြန်လည်သုံးသပ် ပြီးနောက် အာဖဂန်ရှိ အမေရိကန်ထိပ်တန်းအရာရှိ မက်ချရီ စတေးလ်က တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေးကို တိုက်တွန်းခြင်း ဖြစ်သည်။

သို့ရာတွင် ဩစတြေးလျနိုင်ငံအနေဖြင့် တပ်ဖွဲ့ဝင်များထပ်မံ စေလွှတ်မည် မဟုတ်ကြောင်း၊ ၎င်းတို့နိုင်ငံသို့ အမေရိကန်မှ အဖွဲ့ အစည်းများနှင့် နိုင်ငံတကာလုံခြုံရေးနှင့် အကူအညီပေးရေးတပ်ဖွဲ့မှ တောင်းဆိုခြင်းမရှိကြောင်း စမစ်၏ ပြောကြားချက်ကို စကိုင်း နယူးစ်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

နှိမ်နင်း

သို့သော် အာဖဂန်နစ္စတန်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား အတွက် လက်ရှိဩစတြေးလျတပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိမည် ဖြစ်ပြီး အာဖဂန်နှင့်ပါကစ္စတန် နယ်ခြားဒေသရှိ တာလီဘန် လက်နက်ကိုင်များ ခိုအောင်းရာဒေသတို့ကို နိုင်ငံတကာမှ အကြမ်း ဖက်မှုနှိမ်နင်းရေးတို့တွင် ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

(အင်တာနက်)

ဘဂ္ဂဒက်ဗုံးဖောက်ခွဲမှု ကုလသမဂ္ဂသို့တင်ပြ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၄

အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဘဂ္ဂဒက်မြို့၌ မကြာသေးမီက ဗုံးဖောက်ခွဲ တိုက်ခိုက်မှုများနှင့် ပတ်သက်သည့်လုံခြုံရေးနှင့် ထောက်လှမ်းရေးသတင်းကို ကုလသမဂ္ဂ အထူးသံတမန်ကြီး အော်စကာဖာနန်ဒက်တာရန်ကိုထံ ပေးအပ်ခဲ့ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီး ဟိုရှားဇီဘာရီက ပြောကြားသည်။

ပြောကြား

ဩဂုတ် ၁၉ရက်က ဘဂ္ဂဒက်ဗုံးဖောက်ခွဲ တိုက်ခိုက်မှုများ၏ နောက်ကွယ်မှ ရပ်တည်အားပေးနေသူများသည် အီရတ်နိုင်ငံ ဝန်ကြီးဌာနများနှင့် အစိုးရဌာနများအား နှောင့်ယှက်ရန် အောက်တိုဘာ ၂၅ရက်က တိုက်ခိုက်ခဲ့သူများနှင့် အတူတူပင်ဖြစ်သည်ဟု ဇီဘာရီက အက်စ်ဝပ်အယ်လ်အီရတ်သတင်းဌာနသို့ နိုဝင်ဘာ ၁၂ရက်က ပြောကြားသည်။

(အင်တာနက်)

နေတိုးစစ်စခန်း၌ အသေခံဗုံးခွဲတိုက်ခိုက် အရပ်သား နှစ်ဦးအပါအဝင် ခြောက်ဦးသေဆုံး

ကဘူးလ် နိုဝင်ဘာ ၁၄

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အရှေ့ပိုင်းရှိ နေတိုးစစ်စခန်းတစ်ခုကို နိုဝင်ဘာ ၁၃ရက် နံနက်ပိုင်းက အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ အရပ်သားနှစ်ဦး အပါအဝင် ခြောက်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်စီး

ယင်းနေတိုးစစ်စခန်းမှာ အာဖဂန်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးရာ စခန်းတစ်ခုဖြစ်ကြောင်း၊ ယင်းဗုံးပေါက်ကွဲမှုကြောင့် စစ်ဘက် ဆိုင်ရာ မော်တော်ယာဉ်တစ်စီး ပျက်စီးသွားကြောင်း သိရသည်။ **(အင်တာနက်)**

တာလီဘန် အကြမ်းဖက်သမားများအား ပါကစ္စတန်၌ ထိုးစစ်ဆင်တိုက်ခိုက်

အစ္စလမ္မာဘတ် နိုဝင်ဘာ ၁၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းမှ တာလီဘန်များအား ထိုးစစ်ဆင်တိုက်ခိုက် ရာတွင် ပါကစ္စတန်တပ်ဖွဲ့ဝင် ၁၇ ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိသွားသည့်အပြင် တာလီဘန် ၂၂ဦးလည်း သေဆုံးသွားကြောင်း ပါကစ္စတန်စစ်ဘက်က နိုဝင်ဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။ တောင်ဝါဇီရစ္စတန်ပြည်နယ်တွင် ပါကစ္စတန်စစ်ဘက် နှင့်တာလီဘန်တို့အကြား ၂၄ နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဗုံးဖောက်ခွဲ

ပါကစ္စတန်နိုင်ငံ ဖောင့်တီးယား ပြည်နယ် ဘန်နူမြို့၌ အသေခံဗုံး ဖောက်ခွဲပြီးနောက် အပျက်အစီးများ ကို နိုဝင်ဘာ ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ ရှစ်ဦးသေဆုံး၊ ၁၁ဦးဒဏ်ရာရရှိ

ပေကျင်း နိုဝင်ဘာ ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျောက်မီးသွေးတွင်းနှစ်တွင်း မတော်တဆ ပေါက်ကွဲသဖြင့် ကျောက်မီးသွေးတွင်းတူးသမား ရှစ်ဦးထက်မနည်း သေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိကာ ခြောက်ဦးပိတ်မိနေသည်ဟု တရုတ်ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နင်စီယာဟီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှီဇွီရှန်မြို့တွင် နိုဝင်ဘာ ၁၀ရက် စောစောပိုင်းက ကျောက်မီးသွေးတွင်းပေါက်ကွဲ သဖြင့် ကျောက်မီးသွေးတွင်းတူးသမား ရှစ်ဦးသေဆုံးသွားကြောင်း နင်စီယာကျောက်မီးသွေးတွင်း အန္တရာယ်ကင်းရှင်းရေးဗျူရို ဒုတိယညွှန်ကြားရေးမှူး ဟွန်မင်းကန်က ပြောကြား သည်။

ကြေညာ

ရှာဘာတီ ကျောက်မီးသွေးတွင်း၌လည်း နိုဝင်ဘာ ၁၀ရက် နံနက် ၆နာရီ ၅၃ မိနစ်က တွင်းတူးသမား ၁၉ဦး အလုပ်လုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ၁၁ဦး ဒဏ်ရာရရှိသွားကြောင်း မစ္စတာဟွန်းက ပြောကြား သည်။ အခြားခြောက်ဦးလည်း တွင်းပိတ်မိနေသည်ဟု သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သဘာဝဘေးအန္တရာယ် တိုက်ဖျက်ရေး နီကာရာဂွာသို့ ပစ္စည်းပေးပို့

မာနာဂွာ နိုဝင်ဘာ ၁၄

နီကာရာဂွာစစ်တပ်နှင့် ရုရှားနိုင်ငံအရေးပေါ်အခြေအနေရေးရာ ဝန်ကြီးဌာနတို့သည် နီကာရာဂွာသို့ သဘာဝဘေးအန္တရာယ်တိုက် ဖျက်ရေး ပစ္စည်းကိရိယာများပေးပို့ရေး နားလည်မှုစာချွန်လွှာ (အမ်အိုယူ)ကို နိုဝင်ဘာ ၁၀ရက်က လက်မှတ်ရေးထိုး ချုပ်ဆိုကြ သည်။

လက်မှတ်ရေးထိုး

ထိုနားလည်မှုစာချွန်လွှာကို နီကာရာဂွာ အမျိုးသားစစ်တပ် အကြီးအကဲ အိုမာဟယ်လ်ဆလီဗင်နှင့် ရုရှားအရေးပေါ်အခြေအနေ ရေးရာဝန်ကြီး ဆာဂေးရှိုဂူတို့ လက်မှတ်ရေးထိုးကြသည်။

သိရ

ပေးပို့သည့် သဘာဝဘေးအန္တရာယ် တိုက်ဖျက်ရေးကိရိယာ များမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၈၆သန်းဖိုး ရှိသည်ဟု သိရသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ ဘူတာရုံတစ်ရုံ၌ ရထားလမ်း ချော်မှုဖြစ်ပွားခဲ့သည်ကို နိုဝင်ဘာ ၁၃ရက်က တွေ့ရစဉ်။ (ယင်းရထားလမ်း လမ်းချော်မှုကြောင့် ခုနစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။)

(အင်တာနက်ဓာတ်ပုံ)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဘိုလီးဘီးယားနှင့်ပီရူး ပူးတွဲစစ်ဆင် မူးယစ်ဆေးမှောင်ခိုဂိုဏ်းဝင် ၁၅ဦး ဖမ်းဆီးနိုင်ခဲ့

လီမာ နိုဝင်ဘာ ၁၄

ဘိုလီးဘီးယားနှင့် ပီရူးနှစ်နိုင်ငံ နယ်စပ်ဒေသဖြစ်သည့် ဒီဆာဂူဒီရို၊ ကာဆာနီနှင့်တီတီကာကာလိတ်စ်ဇုန်များတွင် ယခုလအတွင်း နှစ်နိုင်ငံမူးယစ်ဆေးဝါး တိုက်ဖျက်ရေးပူးတွဲစစ်ဆင်ရေးတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း နိုဝင်ဘာ ၁၂ရက်၌ ပီရူးအမျိုးသားရဲတပ်ဖွဲ့(ပီအင်န်ပီ)က သတင်းထုတ်ပြန်သည်။

ဖမ်းဆီး

ယင်းပူးတွဲ စစ်ဆင်ရေးအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်ရေးဌာန ငါးခုကိုဖျက်ဆီးနိုင်ခဲ့ပြီး ကိုကင်းကီလိုဂရမ် ၁၂၀ကို သိမ်းဆည်း ရမိကာ မူးယစ်ဆေး မှောင်ခိုဂိုဏ်းဝင် ၁၅ဦးကိုလည်း လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

တိုက်ဖျက်

ယင်းမူးယစ်ဆေးဝါးများ အဓိကသယ်ဆောင်ရာ လမ်းကြောင်းအဖြစ် ဘိုလီးဘီးယားနိုင်ငံကိုဖြတ်ကာ ဘရာဇီး၊ အာဂျင်တီးနား၊ ချီလီနှင့်ဥရောပနိုင်ငံများသို့ မှောင်ခိုတင်ပို့ခြင်းမပြုနိုင်စေရန် ပူးတွဲစစ်ဆင်ရွှဲခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

လူငယ်များ အိုင်တီနည်းပညာ ကျယ်ပြန့်စွာသိရှိရန် မှန်ကန်တိကျစွာ ဖြန့်ဝေပေးနေ

တွေ့ဆုံမေးမြန်းရေးသားသူ - မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - အေးအေးလွင် (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၄

လူငယ်များအိုင်တီပညာကို လေ့လာလိုက်စားမှု တစ်နေ့တခြား တိုးပွားလာသည်။ အိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိရာ ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း အိုင်တီနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလာစေရေးကို တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အိုင်တီနည်းပညာရပ်များကို လူငယ်များအား အသက်မွေးဝမ်းကျောင်း ပြုနိုင်သည်အထိ လက်တွေ့လေ့ကျင့် သင်တန်းပေးနေသော ရန်ကုန်မြို့ မရမ်း

"ဆော့ဖ်ဝဲအင်ဂျင်နီယာလုပ်ငန်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို လူငယ်တွေ သိရှိနားလည်အောင် သင်ကြားနေခြင်းဖြစ်ပါတယ်။"
ဦးဇော်မိုး
သင်တန်းဆရာ။

ကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံရှိ အမှတ် ၁၁၂၊ အခန်း ၁၁နှင့် ၁၂တို့တွင် ဖွင့်လှစ်ထားသည့် Myanmar Professionals Education Centre (MPEC) သို့ မြန်မာ့အလင်းသတင်းအဖွဲ့သွားရောက်ကာ သင်ကြားပေးနေသော ဆရာနှင့် သင်ကြားဆဲ၊ သင်ကြားပြီး လူငယ်အချို့နှင့်တွေ့ဆုံမေးမြန်းခဲ့သည်။ "အဓိကအနေနဲ့ကတော့ CICT Diploma in Software Engineering သင်တန်း ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ ဆော့ဖ်ဝဲ အင်ဂျင်နီယာလုပ်ငန်းတွေကို လုပ်ငန်းခွင်မှာ တကယ်လက်တွေ့ အသုံးချလို့ရအောင် ရည်ရွယ်ပြီး အခြေခံကအစ သင်ကြားပေးနေတာပါ။ ပရိုဂရမ်တွေ ရေးလို့ရအောင်အထိလည်း အခြေခံအချက်အလက်တွေကို လူငယ်တွေ သိရှိနားလည်အောင် သင်ကြားနေခြင်းဖြစ်ပါတယ်"ဟု သင်တန်းကို အဓိက ဦးစီးသင်ကြားပေးနေသည့် ဆရာဦးဇော်မိုးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆက်လက်ရှင်းပြ

MPEC မှဖွင့်လှစ်သည့် ယင်းသင်တန်းတွင် Programming Fundamentals,Data Communications, Web Development, Database Management System, Software

"အိုင်တီပညာရှင်တစ်ဦးဖြစ်အောင် ကြိုးစား သွားမှာပါ။"
မောင်မင်းထွန်းဇော်။

Engineering နှင့် Java Programming စသည့် ဘာသာရပ်များ ပါဝင်ကြောင်းသိရသည်။

"ဒီသင်တန်းမှာ သီအိုရီနဲ့လက်တွေ့ ပရောဂျက်လုပ်ရတဲ့ အပိုင်းဆိုပြီး နှစ်ပိုင်းခွဲကာ သင်ကြားပေးနေပါတယ်။ အိုင်တီနဲ့ ပတ်သက်တဲ့ အခြေခံသီအိုရီတွေဖြစ်တဲ့ ပရိုဂရမ်ရေးသားတဲ့အခါ လိုအပ်တဲ့အခြေခံ အချက်အလက်တွေ၊ အသုံးပြုရမယ့် စနစ်တွေ စတဲ့လိုအပ်တာတွေ သင်ကြားပေးပါတယ်။ လက်တွေ့ပိုင်းမှာတော့ ကိုယ်တိုင် လက်တွေ့ ပရောဂျက်လုပ်ရတာဖြစ်ပြီး စာတွေ့လက်တွေ့သင်ပေးနေတာ ဖြစ်ပါတယ်"ဟုငင်းကဆက်လက်ရှင်းပြသည်။

လေ့ကျင့်သင်ကြားပေး

သင်တန်းကာလမှာ စုစုပေါင်းကိုးလ ဖြစ်ပြီး ပထမသုံးလနှင့် ဒုတိယသုံးလ အတွင်း ဘာသာရပ်ခြောက်ခုကို သင်ကြားပေးကာ ကျန်သည့်သုံးလတွင် ပရိုဂရမ် ရေးသားခြင်းများကို လက်တွေ့လေ့ကျင့် သင်ကြားပေးခြင်းဖြစ်သည်။

"အိုင်တီနဲ့ပတ်သက်တဲ့ မသိ၊မတတ်တဲ့သူတွေ တက်ရောက်လေ့လာနိုင်သလို ဆော့ဖ်ဝဲအင်ဂျင်နီယာလုပ်ငန်းနဲ့ ပတ်သက်ပြီး အသက်မွေးဝမ်းကျောင်းပြုလိုသူ

"ကျယ်ပြန့်တဲ့ အိုင်တီလောကမှာ ပြည့်ပအထိ ပညာသွားသင်ဖို့ ရည်ရွယ်ထားပါတယ်။"
မောင်ခိုင်ခန့်ကိုး။

တွေအပြင် ကွန်ပျူတာဘွဲ့မဟုတ်တဲ့ သူတွေလည်း ရည်ရွယ်ပါတယ်။ ပရိုဂရမ်တွေ၊ ဆော့ဖ်ဝဲတွေနဲ့ပတ်သက်ပြီး ဘယ်လို စဉ်းစားရမယ်၊ ဘယ်လိုလက်တွေ့လုပ်ဆောင်ရမယ်ဆိုတဲ့ မဖြစ်မနေသိသင့်တဲ့ အချက်တွေလည်း လူငယ်တွေ သိသွားစေမှာ ဖြစ်ပါတယ်။ အဓိကအနေနဲ့ကတော့ လူငယ်တွေကြိုးစားကြဖို့ပါပဲ။ ကြိုးကြိုးစားစားနဲ့လေ့လာရင် လက်တွေ့လုပ်ငန်းခွင်မှာ အကျိုးပြုမှာပါ"ဟု ဦးဇော်မိုးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကျော်ဖြတ်နိုင်

MPECမှ သင်တန်းပြီးဆုံးသွားသည့် လူငယ်တစ်ဦးဖြစ်သူ မောင်မင်းထွန်းဇော်ကလည်း "ကျွန်တော်က တောင်ငူမြို့ဇာတိပါ၊ ပြီးခဲ့တဲ့ စက်တင်ဘာမှာ ဒီသင်တန်းပြီးသွားပါပြီ။ အခု MITမှာ အလုပ်ဝင်နေပါတယ်။ ဒီသင်တန်း တက်လိုက်တော့ လက်တွေ့လုပ်ငန်းခွင်မှာ ကြုံတွေ့ရတတ်တဲ့ ပရိုဂရမ်ရေးသားရင် သိထားရမယ့် အချက်တွေက အတော်လေး အကျိုးပြုတာတွေ့ရတယ်။ အောင်မြင်တဲ့ အိုင်တီပညာရှင်တစ်ဦးဖြစ်အောင် ကြိုးစား သွားမှာပါ"ဟု မြန်မာ့အလင်းသို့ပြောပြသည်။

လူငယ်များ အိုင်တီလောက၌ ပညာရှင်တစ်ဦးအဖြစ် ရပ်တည်နိုင်ရန်အတွက် အခြေခံအချက်အလက်များကို သိရှိနားလည် ကျွမ်းကျင်တတ်မြောက်ရန် လိုအပ်လေသည်။ သို့မှသာ လက်တွေ့လုပ်ငန်းခွင်၌ အခက်အခဲကို ကျော်ဖြတ်နိုင်မည်ဖြစ်သည်။

ရည်ရွယ်ထား

တစ်ဖန် CICP Diploma in Software Engineering သင်တန်းသို့ တက်ရောက်သင်ကြားနေသော လူငယ်တစ်ဦးအား တွေ့ဆုံမေးမြန်းရာ " နာမည်က မောင်ခိုင်ခန့်ကိုးဖြစ်ပြီး မကွေးမြို့ ဇာတိဖြစ်ပါတယ်။ သင်တန်းတက်တာ တစ်ပတ်ပဲရှိသေးတာမို့ သင်သမျှတွေက ဗဟုသုတနဲ့ မှတ်သားစရာချည်းပါပဲ။ မိဘတွေကရွေးချယ်ပေးပြီး တက်ခိုင်းတာဆိုပေမယ့် ကိုယ်ကြိုးစားရင်ကြိုးစားသလောက်အောင်မြင်နိုင်တယ်ဆိုတာ သိလာရတယ်။ ဒီသင်တန်းဟာ ကျွန်တော့်ကို တောင်ပံတပ်ပေးလိုက်သလိုပါပဲ၊ ကျယ်ပြန့်တဲ့အိုင်တီလောကမှာ ပြည်ပအထိ ပညာသွားသင်ဖို့ ရည်ရွယ်ထားပါတယ်"ဟု ဖြေကြားသွားသည်။

"လက်တွေ့လုပ်ငန်းခွင်အထိ အသုံးချလို့ရတဲ့အတွက် ကျေနပ်မှုဖြစ်ရပါတယ်။"
မောင်ကောင်းဆက်။

အိုင်တီပညာများကို သင်ကြားနေသည့် စာသင်ခန်းအတွင်း ဝင်ရောက်ကာ ကွန်ပျူတာတစ်လုံးနှင့် လေ့ကျင့်နေသည့် လူငယ်တစ်ဦးအားမေးမြန်းရာ "နာမည်က မောင်ကောင်းဆက်ဖြစ်ပါတယ်၊ သင်တန်းတက်တာ ခြောက်လရှိပါပြီ၊ သီအိုရီနဲ့ လက်တွေ့သင်ကြားပေးတဲ့အပြင် သင်တန်းသားအချင်းချင်းလည်း အသိပညာဖလှယ်လို့ရတဲ့အတွက် အကျိုးရှိပါတယ်၊ လက်တွေ့လုပ်ငန်းခွင်အထိ အသုံးချလို့ရတဲ့အတွက် ကျေနပ်မှုဖြစ်ရပါတယ်၊ အိုင်တီပညာရပ်ကို ပြည်ပအထိ သွားရောက်သင်ယူနိုင်တဲ့အထိ ရည်ရွယ်ထားပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

လူငယ်ထုအတွင်း အိုင်တီပညာရပ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် လိုအပ်နေသော ယနေ့အချိန်တွင် မှန်ကန်ထိရောက်သော အိုင်တီနည်းပညာ ဖြန့်ဝေပေးမှုများ လိုအပ်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လူငယ်များ အိုင်တီလောက၌ ပညာရှင်တစ်ဦးအဖြစ် ရပ်တည်နိုင်ရန်အတွက် အခြေခံ အချက်အလက်များကို သိရှိနားလည် ကျွမ်းကျင်တတ်မြောက်ရန် လိုအပ်။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် စုစည်းသည်

လပေါ်၌ရေရှိကြောင်း အတည်ပြုနိုင်

အရှုံဂြိုဟ်လ၏ မျက်နှာပြင်ပေါ်တွင် ရေတွေ့ရှိကြောင်းကို နာဆာသိပ္ပံပညာရှင်များက လက်ခံအတည်ပြုလိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ၁၄ရက်၌ သတင်းထုတ်ပြန်သည်။

(အောက်ပုံ)



အဝေးပြေးကားလမ်းမကြီး သီရိလင်္ကာ၌ ဖွင့်လှစ်

သီရိလင်္ကာနိုင်ငံ ဂျက်ဖ်နာကျွန်းနှင့် သီရိလင်္ကာနိုင်ငံအလယ်ပိုင်း ကင်ဒီမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် A-9 အဝေးပြေးကားလမ်းကို နိုဝင်ဘာ ၁၄ရက်၌ ဖွင့်လှစ်လိုက်ကြောင်း သီရိလင်္ကာနိုင်ငံ ပို့ဆောင်ရေးအရာရှိများက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ မီးလောင်မှုဖြစ်ပွား

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ကမ္ဘာလှည့်ခရီးသည်များ တည်းခိုရာ အပန်းဖြေအဆောက်အအုံ၌ နိုဝင်ဘာ ၁၄ရက်က မီးလောင်မှုဖြစ်ပွားရာ ဂျပန်ကမ္ဘာလှည့်ခရီးသွား ၁၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများ အနည်းငယ်ကျဆင်းလျက်ရှိရာ အမေရိကန်ဈေးကွက်၌ နိုဝင်ဘာ ၁၄ရက်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၆ဒသမ၃၅ ဒေါ်လာအထိရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

တရုတ်-ဆူဒန် လေကြောင်းလိုင်းသစ် ဖွင့်လှစ်

တရုတ်နိုင်ငံ မြို့တော်ပေကျင်းနှင့် ဆူဒန်နိုင်ငံ ခါတွန်မြို့သို့ တိုက်ရိုက်လေကြောင်းလိုင်းသစ်ကို နိုဝင်ဘာ ၁၄ရက်မှစတင်ကာ ဖွင့်လှစ်ပျံသန်းပြီဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ဂျပန်ရှိ အမေရိကန်စစ်အခြေစိုက်စခန်း၌ မီးလောင်မှုဖြစ်ပွား၊ အရပ်သားသုံးဦးဒဏ်ရာရရှိ

ဂျပန်နိုင်ငံ ကာနာဂါဝါစီရင်စုတွင်ရှိသော အမေရိကန်စစ်အခြေစိုက်စခန်း၌ နိုဝင်ဘာ ၁၄ရက်က မီးလောင်မှုဖြစ်ပွားရာ အရပ်သားသုံးဦးဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ပါကစ္စတန်၌ အသေခံဗုံးခွဲတိုက်ခိုက် အနည်းဆုံး ငါးဦးသေဆုံး

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ ရဲစစ်ဆေးရေးဂိတ်တစ်ခု၌ နိုဝင်ဘာ ၁၄ရက်က အသေခံ ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ အနည်းဆုံးငါးဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ရေလွှမ်း

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ နိုဝင်ဘာ၁၄ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားရာ အိမ်ခြေ၃၀၀၀ ခန့် ရေနစ်မြုပ်လျက်ရှိကြောင်း ဘရာဇီးနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးဌာနက သတင်းထုတ်ပြန်သည်။ (အောက်ပုံ) *(အင်တာနက်)*

အာရှလမ်းမကြီး အမှတ်(၁၄)သည် မန္တလေးမြို့မှ မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့အထိ ကီလိုမီတာ ၄၅၃၀ ရှိသည်။ ပုံမှာ ထိုလမ်းမကြီးတွင် ပါဝင်သော ဂုတ်တွင်းလမ်းကို ဤသို့ တွေ့ရသည်။ (ဆောက်လုပ်ရေး)

✻ *ကျော့ဖုံးမှ*

ထို့ကြောင့် မြန်မာနိုင်ငံသည် ထိုင်း၊ လာအို၊ တရုတ်၊အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် ဆက်သွယ်မည့် အာရှလမ်းမကြီး (ASIAN HIGHWAYS)၊ အာဆီယံလမ်းမကြီး (ASEAN HIGHWAYS)၊ မဲခေါင် မြစ်ဝှမ်းဒေသ စီးပွားရေးဇုန်လမ်းမကြီးများ (GREATER MEKONG SUBREGION ECONOMIC CORRIDORS)၊ ဘင်းမ်စတက်လမ်းမကြီး (BIMSTEC HIGHWAYS)၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့်လမ်းမကြီး (INDIA-MYANMAR-THAI-Tripartite Highway)၊ မဲခေါင်မြစ်ဝှမ်းဒေသ အရှေ့-အနောက် စီးပွားရေးဇုန်လမ်းမကြီး (GMS, East-West Economic Corridor Highway)၊ မဲခေါင်မြစ်ဝှမ်းဒေသ မြောက်-တောင် စီးပွားရေးဇုန်လမ်းမကြီး (GMS, North-South Economic Corridor)၊ အိန္ဒိယ-မြန်မာ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီး၊ ပလက်ဝနယ်စပ် ကားလမ်းဖောက်လုပ်ရေးနှင့် ကုလားတန်မြစ်ကြောင်း ပြုပြင်ရေး စီမံကိန်းများ ရှိသည်။

အာရှလမ်းမကြီးများ (ASIAN HIGHWAYS)

အာရှနိုင်ငံများနှင့် ဆက်သွယ်နိုင်ရေးအတွက် အာရှလမ်းမကြီးများ ဖောက်လုပ်ရန် ၁၉၅၉ခုနှစ်မှစ၍ အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့်လူမှုရေးကော်မရှင် (ESCAP)မှ ဦးစီးဆောင်ရွက်ခဲ့သည်။ ၁၉၈၉ခုနှစ်တွင် မြန်မာနိုင်ငံသည် အာရှလမ်းမကြီးများ အဖွဲ့ဝင်ခဲ့ပြီး ယခုအချိန်တွင် နိုင်ငံပေါင်း(၃၂)နိုင်ငံ ပါဝင်သက်ဆိုင်လျက်ရှိသည်။ အာရှလမ်းမကြီးကွန်ရက်ဆိုင်ရာ နိုင်ငံတကာအစိုးရအချင်းချင်း သဘောတူညီချက် (မူကြမ်း) (Inter governmental Agreement on Asian Highway Network)ကို ညှိနှိုင်းရေးဆွဲခဲ့ကြပြီး ၂၀၀၄ခုနှစ် ဧပြီလ ၂၈ရက်၌ ရှန်ဟိုင်းမြို့တွင် ကျင်းပသည့် ကော်မရှင်၏ အကြိမ်(၆၀)မြောက် ဝန်ကြီးများအဆင့် အစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့ကြသည် ဆို၏။ မြန်မာနိုင်ငံတွင် အာရှလမ်းမကြီး လေးခုရှိပါသည်။ ၄င်းတို့မှာ-

(က) အာရှလမ်းမကြီး အမှတ်-၁ (AH1)ထိုင်း- မြန်မာနယ်စပ် မြဝတီမြို့မှစ၍ မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့တွင်ဆုံးပြီး လက်ရှိသတ်မှတ်လမ်းကြောင်း အတိုင်း ၁၆၆၅ ကီလိုမီတာရှိ တစ်လမ်း၊

(ခ) အာရှလမ်းမကြီး အမှတ်-၂(AH2) ထိုင်း-မြန်မာနယ်စပ် တာချီလိတ်မြို့မှ စတင်၍ လက်ရှိသတ်မှတ်လမ်းကြောင်းအတိုင်း ကျိုင်းတုံ-တောင်ကြီး-မိတ္ထီလာမြို့အထိ ၈၀၇ ကီလိုမီတာရှိပြီး ၄င်းမှတစ်ဆင့် အာရှလမ်းမကြီး အမှတ်(၁) အတိုင်းသွားကာ မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့တွင် ဆုံးသည့် လမ်းမကြီးတစ်လမ်း၊

အာရှလမ်းမကြီးအမှတ်(၁)သည် ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့နယ်မှ မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့အထိ ၁၆၆၅ ကီလိုမီတာရှိသည်။ ထိုလမ်းမကြီး၏ အစဖြစ်သော မြဝတီ မြို့တွင်းလမ်းကို ဤသို့တွေ့ရသည်။ (ဆောက်လုပ်ရေး)

(ဂ) အာရှလမ်းမကြီးအမှတ်-၃ (AH3) အာရှလမ်းမကြီး အမှတ် (၂) ပေါ်ရှိ ကျိုင်းတုံမြို့မှ မြန်မာ-တရုတ်နယ်စပ်ရှိ မိုင်းလားမြို့အထိ ဆက်သွယ်ထားသော ၉၃ကီလိုမီတာရှည်သည့် လမ်းအပိုင်း တစ်လမ်းနှင့်၊

(ဃ) အာရှလမ်းမကြီး အမှတ်-၁၄ (AH14) ယခုသတ်မှတ်ထားသော အာရှလမ်းမကြီးအမှတ်(၁)ပေါ်ရှိ မန္တလေးမြို့မှ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မြို့အထိ ကီလိုမီတာ ၄၅၃၀ရှည်သော လမ်းအပိုင်းတို့ဖြစ်သည်။

အာဆီယံလမ်းမကြီးများ (ASEAN HIGHWAYS)

အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများအတွင်း ဆက်သွယ်ထားသော လမ်းမကြီးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အာဆီယံ အဝေးပြေး လမ်းမကြီးအဖြစ် သတ်မှတ်ထားသော လမ်းကြောင်းခြောက်ခုရှိသည်။ ၄င်းတို့မှာ-

(က) အာဆီယံလမ်းမ-၁ (AH1) ။ ။ မြဝတီမြို့မှစ၍ တမူးမြို့အထိ ၁၆၆၅ကီလိုမီတာ ရှိပါသည်။ အာရှလမ်းမကြီး အမှတ်-၁ (AH1)နှင့် လမ်းကြောင်း တစ်ထပ်တည်းဖြစ်သည်။

(ခ) အာဆီယံလမ်းမ-၂ (AH2) ။ ။ တာချီလိတ်မြို့မှ ကျိုင်းတုံ-တောင်ကြီး -မိတ္ထီလာမြို့အထိ ၈၀၇ ကီလိုမီတာ၊ ၄င်းမှတစ်ဆင့် တမူးမြို့ အထိ ရှိပါသည်။ အာရှလမ်းမကြီး အမှတ်-၂ (AH2)နှင့် လမ်းကြောင်း တစ်ထပ်တည်းဖြစ်သည်။

(ဂ) အာဆီယံလမ်းမ-၃ (AH3) ။ ။ ကျိုင်းတုံ-မိုင်းလား ၉၃ ကီလိုမီတာ ရှိပါသည်။ အာရှလမ်းမကြီး အမှတ်-၃ (AH3)နှင့် လမ်းကြောင်း တစ်ထပ်တည်းဖြစ်သည်။

(ဃ) အာဆီယံလမ်းမ-၁၄(AH14) ။ ။ မန္တလေးမြို့မှ မူဆယ်မြို့အထိ ၄၅၃ကီလိုမီတာရှိပါသည်။ အာရှလမ်းမကြီး အမှတ်-၁၄ (AH14)နှင့် လမ်းကြောင်း တစ်ထပ်တည်းဖြစ်သည်။

(င) အာဆီယံလမ်းမ-၁၁၁(AH111) ။ ။ လွိုင်လင်မှ သီပေါမြို့အထိ ၂၃၉ ကီလိုမီတာရှိပါသည်။

(စ) အာဆီယံလမ်းမ-၁၁၂(AH112) ။ ။ သထုံမြို့မှ ကော့သောင်းမြို့ အထိ ၁၁၄၅ကီလိုမီတာ ရှိသည်။

ကီလိုမီတာ ၄၅၃၀ရှည်သော အာရှလမ်းမကြီး အမှတ်(၁၄)တွင် ပါဝင်သည့် မန္တလေး-လားရှိုး-မူဆယ်လမ်းပိုင်းရှိ နာမည်ကျော် တောင်ပေါ်ဂုတ်တွင်းကားလမ်းကို ရစ်ခွေစီးဆင်းသည့် မြစ်တစ်စင်းပမာ လှပစွာ တွေ့ရသည်မှာ....။ (ဆောက်လုပ်ရေး)

အထက်ပါ သတ်မှတ်အာဆီယံလမ်းများအပြင် နောင်ဖြစ်လာနိုင်မည့် လျာထား အာဆီယံလမ်းများမှာ-

(က) အာဆီယံလမ်းမ-၁၁၂(AH112) ။ ။ လေညှာရွာမှ ထိုင်းနိုင်ငံ ခလုံလွှိုင်အထိ ကီလိုမီတာ ၆၀ ရှိသည့်လမ်း။

(ခ) အာဆီယံလမ်းမ-၁၂၃(AH123) ။ ။ ထားဝယ်မြို့မှ မြန်မာ-ထိုင်း နယ်စပ်ရှိ မင်းသမီးတောင်ကြားနေရာအထိ ၁၄၁ကီလိုမီတာရှိသည့် လမ်းတို့ဖြစ်သည်။

မဲခေါင်မြစ်ဝှမ်းဒေသ လမ်းမကြီးများမှာ- မဲခေါင်မြစ်ဝှမ်းဒေသရှိ နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အာရှဖွံ့ဖြိုးရေး ဘဏ်၏ အကူအညီဖြင့် ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်သည်။ မဲခေါင်မြစ်ဝှမ်းဒေသ လမ်းမကြီးများသည် မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ် စသည့် ခြောက်နိုင်ငံနှင့် သက်ဆိုင်ပါသည်။ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းသွားသော မဲခေါင်မြစ်ဝှမ်းဒေသ လမ်းမကြီး သုံးခုရှိပြီး ၄င်းလမ်းမကြီးများကို အင်္ဂလိပ်အက္ခရာ "R" ဖြင့် သတ်မှတ်ထားပါသည်။ ၄င်းတို့မှာ-

(က) R3 လမ်းမကြီးမှာ ထိုင်း-မြန်မာနယ်စပ်ရှိ တာချီလိတ်မြို့မှ ကျိုင်းတုံမြို့ကို ဖြတ်ကာ မြန်မာ-တရုတ်နယ်စပ်ရှိ မိုင်းလားမြို့အထိ ဆက်သွယ်ထားသော ၂၅၇ကီလိုမီတာရှည်သည့် လမ်းအပိုင်း ဖြစ်ပါသည်။ အာရှလမ်းမကြီး အမှတ် (၂)နှင့်(၃)တို့၏ အစိတ်အပိုင်းဖြစ်သည်။

(ခ) R4 လမ်းမကြီးမှာ မြန်မာနိုင်ငံ လားရှိုးမြို့မှ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မြို့သို့ ဆက်သွယ်ထားသော ၁၇၆ကီလိုမီတာရှည်သည့် လမ်းအပိုင်း ဖြစ်ပါသည်။ အာရှလမ်းမကြီးအမှတ်(၁၄)၏ အစိတ်အပိုင်းဖြစ်သည်။

(ဂ) R7 လမ်းမကြီးမှာ မြန်မာနိုင်ငံအတွင်း၌သာ R3 နှင့် R4 ကို ဆက်သွယ်ထားသော လမ်းအပိုင်း ဖြစ်ပါသည်။ ၄င်းမှာ R3 ပေါ်ရှိ ကျိုင်းတုံမြို့နှင့် လွိုင်လင်-သီပေါမှတစ်ဆင့် R4 ပေါ်ရှိ လားရှိုးမြို့သို့ ဆက်သွယ်ထားသော ၆၆၆ကီလိုမီတာရှည်သည့် လမ်းအပိုင်း ဖြစ်ပါသည်။

အာရှ/အာဆီယံလမ်းမကြီး အမှတ်(၂)နှင့် (၁၄)တို့အား အာဆီယံလမ်းမ (၁၁၁)ဖြင့် ဆက်သွယ်ထားခြင်းဖြစ်သည်။

မဲခေါင်မြစ်ဝှမ်းဒေသ စီးပွားရေးဇုန်လမ်းမကြီးများ (GREATER MEKONG SUBREGION ECONOMIC CORRIDORS) မှာ မဲခေါင်မြစ်ဝှမ်းဒေသရှိ နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်၏အကူအညီဖြင့် ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်သည်။ မဲခေါင် မြစ်ဝှမ်းဒေသ လမ်းမကြီးများ မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ် စသည့် ခြောက်နိုင်ငံနှင့် သက်ဆိုင်ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်မှ အဆိုပြုထားသော မဲခေါင်မြစ်ဝှမ်းဒေသ စီးပွားရေးဇုန်လမ်းမကြီး စုစုပေါင်း ကိုးခုရှိသည့်အနက် မြန်မာနိုင်ငံအတွင်းသို့ ဖြတ်သန်းသွားသော မဲခေါင်မြစ်ဝှမ်းဒေသ စီးပွားရေးဇုန် လမ်းမကြီး ငါးခုရှိသည်။ ၄င်းလမ်းမကြီး ငါးခုမှာ-

(က) မဲခေါင်မြစ်ဝှမ်းဒေသ မြောက်ပိုင်းစီးပွားရေးဇုန်လမ်းမကြီး (GMS, Northern Economic Corridor)။ ။ တရုတ်နိုင်ငံ ဖန်ချိုင်း၊ နန်နင်း၊ ကူမင်း၊ ဒါလီမြို့မှ မြန်မာနိုင်ငံ မူဆယ်၊ လားရှိုး၊ မန္တလေး၊ တမူးမြို့အထိ ဆက်သွယ်မည့် စီးပွားရေးဇုန် လမ်းမကြီးဖြစ်ပါသည်။

(ခ) မဲခေါင်မြစ်ဝှမ်းဒေသမြောက်-တောင် စီးပွားရေးဇုန်လမ်းမကြီး (GMS, North-South Economic Corridor)။ ။ တရုတ်ပြည်မှ လာအိုနိုင်ငံကိုဖြတ်ပြီး ထိုင်းနိုင်ငံသို့ ဆက်သွယ်လျက်ရှိသော လမ်းမကြီးနှင့် တရုတ်ပြည်မှ မြန်မာနိုင်ငံကိုဖြတ်ပြီး ထိုင်းနိုင်ငံသို့ ဆက်သွယ်လျက်ရှိသော မြောက်/တောင်လမ်းမကြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း မိုင်းလားမြို့မှ ကျိုင်းတုံမြို့ကိုဖြတ်ကာ တာချီလိတ်မြို့အထိ ပါဝင်ပါသည်။ ဤလမ်းအပိုင်းတွင်အာရှ၊ အာဆီယံလမ်းမကြီး အမှတ်(၂)နှင့် (၃)တို့၏ အစိတ်အပိုင်းအချို့ ပါဝင်သည်။

(ဂ) မဲခေါင်မြစ်ဝှမ်းဒေသ အရှေ့-အနောက် စီးပွားရေးဇုန်လမ်းမကြီး (GMS, East-West Economic Corridor) ။ ။ ဗီယက်နမ်နိုင်ငံ ဒါနန်းဆိပ်ကမ်းမှ မြန်မာနိုင်ငံ မော်လမြိုင်မြို့အထိ ဆက်သွယ်လျက်ရှိသည့် လမ်းမကြီးတစ်လျှောက် စီးပွားရေးဇုန် သတ်မှတ်လေ့လာထားသော လမ်းမကြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းတွင် မြဝတီမှမော်လမြိုင်အထိ ကီလိုမီတာ၁၉၀ ပါဝင်သည်။ ဤလမ်းအပိုင်းတွင် အာရှ၊ အာဆီယံ လမ်းမကြီး အမှတ်(၁)၏ အစိတ်အပိုင်းအချို့ ပါဝင်သည်။

(ဃ) မဲခေါင်မြစ်ဝှမ်းဒေသ တောင်ပိုင်းစီးပွားရေး ဇုန်လမ်းမကြီး (GMS, Sorthern Economic Corridor)။ ။ ဗီယက်နမ်နိုင်ငံ ကွေ့ဒွန်နှင့် ဗန်တူး၊ ဟိုချီမင်းမြို့များမှ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်ပင်၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့များသို့ ဆက်သွယ်သည့် လမ်းမကြီးဖြစ်ပြီး ဗန်ကောက်မြို့မှ မြန်မာနိုင်ငံ ထားဝယ်မြို့အထိ ဆက်သွယ်မည့် လမ်းမကြီးဖြစ်သည်။

(င) မဲခေါင်မြစ်ဝှမ်းဒေသ အနောက်မြောက်ပိုင်း စီးပွားရေးဇုန်လမ်းမကြီး (GMS, Northwestern Economic Corridor) ။ ။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ တက်မြို့၊ မဲဆောက်မြို့များမှ တစ်ဆင့် မြန်မာနိုင်ငံ မြဝတီ၊ မော်လမြိုင်၊ ဘုရားကြီး၊ မိတ္ထီလာ၊ တမူးအထိ ဆက်သွယ်မည့် လမ်းကြောင်း ဖြစ်သည်။ ဤလမ်းမကြီးသည် အာရှနှင့် အာဆီယံ လမ်းမကြီး အမှတ်(၁)တွင်လည်းကောင်း၊ အန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ လမ်းမကြီးတို့တွင် လည်းကောင်း အစိတ်အပိုင်းအချို့ပါဝင်သည်။

ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ Ayarwaddy-Chaophaya-Mekong-Economic Cooperation Strategy (ACMECS)

ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ကို ၂၀၀၃ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ပုဂံထိပ်သီးညီလာခံအပြီးတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းစသည့် နိုင်ငံလေးနိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ရည်ရွယ်ချက်များမှာ စီးပွားရေးတည်တံ့မှု ထိန်းသိမ်းနိုင်ရေး၊ ဒေသခွဲအတွင်းရှိ ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာရေးတို့ဖြစ်သည်။ ၂၀၀၄ခုနှစ်တွင် ဗီယက်နမ်နိုင်ငံပါဝင်၍ အဖွဲ့ဝင် ငါးနိုင်ငံဖြစ်လာခဲ့သည်။ (ACMECS) အဖွဲ့ဝင်နိုင်ငံများသည် အဖွဲ့ဝင်နိုင်ငံများအကြား အစဉ်တည်ရှိနေသော ချစ်ကြည်ရင်းနှီးမှုစိတ်ဓာတ်၊ အိမ်နီးနားချင်းကောင်းပီသမှုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေပြု၍ ယှဉ်ပြိုင်မှုတိုးတက်ရေး၊ စီးပွားရေးကွာဟချက် ကျဉ်းမြောင်းရေးနှင့် ဒေသအတွင်းလူမှု စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးနှင့်

စာမျက်နှာ ၇ကော်လံ ၁သို့

15-11 (06).pmd 1 11/15/2009, 12:00 PM

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)
၁၅-၁၁-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ ရောဂါတို့၏အား ကျွန်းကုန်းတံတား
၈:၀၀ ၇။ အကပြိုင်ပွဲ
၈:၁၀ ၈။ ကျန်းမာသန်ထွားဉာဏ်မြင့်မား
၈:၂၀ ၉။ တေးဂီတအစီအစဉ်
၈:၃၀ ၁၀။ International News
၈:၄၀ ၁၁။ Crossroads Cafe (Episode-6) (Time is money)

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတ အစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၄၆)
၁၂:၂၅ ၅။ Golf Magazine (TV)
၁၂:၄၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ကျောကသားနှင့်ရင်ကသား** မင်းရာဇာ၊ ဇော်ဝမ်း၊ ခိုင်နှင်းဝေ၊ ချိုပြုံး (ဒါရိုက်တာ-ဟိန်းစိုး)
၁၄:၁၀ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၁၄:၂၀ ၈။ မူဟန်သွယ်သွယ် ဆိုကြမယ်
၁၄:၃၅ ၉။ ယဉ်ကျေးလိမ္မာ (၃၈) ဖြာမင်္ဂလာ
၁၄:၅၀ ၁၀။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၀၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၁၅ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၁၅ ၈။ မိုးလေဝသအခြေအနေ
၆:၂၀ ၉။ **တားဆီးကာကွယ် လူတုပ်ကွေး အန္တရာယ်**
၆:၃၀ ၁၀။ တေးဂီတအစီအစဉ်
၆:၄၅ ၁၁။ **တစ်မျက်နှာတစ်ကွက်စာ ဗျူးတတ်သွားပြီ** ဖွဲ့နောင်၊ ထက်ထက်စုလှိုင် (ဒါရိုက်တာ-အေဝမ်းသန်းထွဋ်)
၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ** (အပိုင်း-၂၂)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၆၀)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ** (အပိုင်း-၁၂)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ **People's Daily** မှ **Director Mr. Yu Qingchu** ဦးဆောင်သော တရုတ်သတင်းစာဆရာ လေ့လာရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သတင်းစာတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် နေပြည်တော်သတင်းစာတိုက် တရုတ်သတင်းစာဆရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့ ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ People's Daily မှ Director Mr. Yu Qingchu ဦးဆောင်သော တရုတ်သတင်းစာဆရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီခွဲက နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်လျက်ရှိသည့် ရုပ်မြင်သံကြား အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်နှင့် Mr. Yu Qingchu တို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် People's Daily မှ Director Mr.Yu Qingchu ဦးဆောင်သော တရုတ်သတင်းစာဆရာ လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုခန်းမများအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

(အောက်ပုံ)

ယင်းနောက် တရုတ်သတင်းစာဆရာ လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော် သတင်းစာတိုက်သို့ရောက်ရှိ၍ သတင်းစာများ ပုံနှိပ်ထားရှိမှုနှင့် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အစည်းအဝေးခန်းမ၌ People's Daily မှ Director Mr. Yu Qingchu နှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက နေ့စဉ်သတင်းစာများ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ People's Daily မှ Director, Mr. Yu Qingchu ဦးဆောင်သော တရုတ်သတင်းစာဆရာ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

စိုက်ပျိုးရေး၊ စက်မှု၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလာရေး၊ ပြည်သူ့ကျန်းမာရေးနှင့် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် အမြင်ချင်းဖလှယ် ဆွေးနွေးဆောင်ရွက်လျက် ရှိကြသည်။ ပူးပေါင်းဆောင်ရွက်မှု သာဓကအားဖြင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအဖြစ် ထိုင်းနိုင်ငံ၏ အကူအညီဖြင့် မဲဆောက်မှ သင်္ကန်းညီနောင်အထိ လမ်းပိုင်း ၁၈ ကီလိုမီတာ တိုးတက်ပြုပြင် ဖောက်လုပ်ပြီးဖြစ်သည့်အပြင် ကော့ကရိတ်မြို့အထိ ဆက်လက်ဖောက်လုပ်သွားရန် ဆောင်ရွက်နေဆဲဖြစ်သည်။ အလားတူ လာအို-မြန်မာနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအဖြစ် လာအို-မြန်မာ ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားကို ကျိုင်းလတ်အနီးတွင် ဆောက်လုပ်ရန် အကြို အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည့်အပြင် မြန်မာနိုင်ငံဘက်တွင် လမ်းအမှတ် AH2 ပေါ်ရှိ တာလေမြို့မှ လျာထားတံတားနေရာရှိ ကျိုင်းလတ်သို့ ကီလိုမီတာ ၆၀ ခန့်နှင့် လာအိုဘက်တွင် ကျိုင်းကုတ် မြို့မှ လျာထားနေရာသို့ ၁၆ ကီလိုမီတာခန့်တို့ကို ဆက်သွယ်မည့်လမ်း ဖောက်လုပ်နေပြီ ဖြစ်သည်ဟု သိရသည်။

ဘင်းမ်စတက်လမ်းမကြီး (BIMSTEC HIGHWAYS)

မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့ပါဝင်သည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး နိုင်ငံချင်းဆက်စပ်လျက်ရှိသော အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ထိုင်းတို့အနက် အိန္ဒိယ၊ ထိုင်းနိုင်ငံနှင့် အာရှ၊ အာဆီယံလမ်းမကြီးများဖြင့် ဆက်သွယ်လျက်ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တိုက်ရိုက်ဆက်သွယ်မှုမရှိသေးပါ။ ဘင်းမ်စတက်နိုင်ငံများအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက ဆက်သွယ်ဖော်လုပ်နိုင်ရန် ဖြစ်နိုင်မည့် လမ်းကြောင်းတစ်ကြောင်းကို လျာထားခြင်းဖြစ်သည်။ တောင်ပြို့ရွာမှ ဘူးသီးတောင်-ကျောက်တော်-အမ်း-ပဒန်း-မင်းတုန်း-ပြည် (နဝဒေးတံတား)မှ အုတ်တွင်း-ထန်းတပင်-ရွှေကျင်-သိမ်ဇရပ်-သထုံ-မော်လမြိုင်-မဲသရော-လှိုင်ကွယ်-ကော့ကရိတ်မှတစ်ဆင့် မြဝတီမြို့သို့ ၁၃၇၄ ကီလိုမီတာခန့်ရှိပါသည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်လမ်းမကြီး
(INDIA-MYANMAR-THAI Tripartite Highways)

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် အဆိုပါလမ်းမကြီးသည် မြဝတီမြို့မှ ပုဂံမြို့သို့ဖြတ်ကာ တမူးသို့ဆက်သွယ်ရန် ညှိနှိုင်းသဘောတူထားပြီး မြန်မာနိုင်ငံမှ အဆိုပါလမ်းကြောင်းဖြစ်သော မြဝတီ-အုတ်တွင်း-ပျော်ဘွယ်-ရွာတော်-ဇရပ်ကုန်း-ကျောက်ပန်းတောင်း-ပုဂံ-လက်ပံချေပေါ်-ပခုက္ကူ-လင်းကတော-ချောင်းမ-မြို့မ-ကလေးဝ-ကျီကုန်း-တမူးမြို့အထိ ဖြစ်နိုင်ခြေရှိမှု လေ့လာတိုင်းတာရေးခရီးစဉ်ကို သုံးနိုင်ငံမှ အင်ဂျင်နီယာများပါဝင်သောအဖွဲ့က ကွင်းဆင်းကြည့်ရှုပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် စီးပွားရေးအရ နိုင်ငံတကာနှင့်ဆက်သွယ်ရန် အာရှလမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများ၊ မဲခေါင်မြစ်ဝှမ်းဒေသ စီးပွားရေးဇုန်လမ်းမကြီးများ၊ ဘင်းမ်စတက်လမ်းမကြီးများ၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့်လမ်းမကြီးများ၊ မဲခေါင်မြစ်ဝှမ်းဒေသ အရှေ့၊ အနောက်၊ တောင်၊ မြောက် စီးပွားရေးဇုန်လမ်းမကြီးများနှင့် အိန္ဒိယ-မြန်မာ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးများ စသည်တို့ ရှိကြသည်။

ထိုလမ်းမကြီးများကို အသုံးပြု၍ သွားကြမည့် မြန်မာနိုင်ငံမှ ကုန်တင်ယာဉ်ကြီးများ အနေဖြင့် သတ်မှတ်ဝန်၊ သတ်မှတ်အတိုင်းအတာများနှင့် သတ်မှတ်ဝင်ရိုးများ တပ်ဆင်မောင်းနှင်ကြမှသာ ဝင်ထွက်သွားလာခွင့် ရကြမည်ဖြစ်ပါသည်။ ယခုအခါ ပြည်တွင်း၌ သွားလာမောင်းနှင်နေကြသော ကုန်တင်ယာဉ်ကြီးများကို နိုင်ငံတော်အစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနများက စည်းကမ်းဥပဒေများ လျှော့ပေါ့ပေးနေခြင်းဖြစ်သည်။ မကြာမီကာလတွင် လမ်း၊ တံတားများအတွက် စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်တော့မည်ဟု သိရပါသည်။ **(ဆက်လက်ဖော်ပြပါမည်။)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ်လိုတိုရှင်းသတင်းများ

ရမ်းဗြဲမြို့၌ အလကကျောင်း ဖွင့်ပွဲကျင်းပ

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် လမူးခြေကျေးရွာ အလယ်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက်ကကျင်းပရာ ပြည်နယ်လက်ထောက်ပညာရေးမှူး ဦးလှစိန်ထွန်းတက်ရောက်ပြီး မြို့နယ်လက်ထောက်ပညာရေးမှူး၊ အလကကျောင်းအုပ်နှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆက်လက်၍ ကျေးရွာစာကြည့်တိုက်တွင် သတ်မှတ်စံ (၅) ချက်နှင့်အညီ ဆောင်ရွက်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက် (၃) ဦးမောင်ကြည်က ဆွေးနွေးပြီး စာအုပ်စာစောင်များလှူဒါန်းသည်။ (မြို့နယ် ပြန်/ဆက်)

စည်းကြပ်အခွန်များ ကောက်ခံရေး ဆွေးနွေး

မကွေးတိုင်း ရေစကြိုမြို့နယ်ခန်းမ၌ အောက်တိုဘာ ၂၈ ရက်က ရုံးဝန်ထမ်းများနှင့် အမှုဆောင်အရာရှိတို့ တွေ့ဆုံပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းက စည်းကြပ်အခွန်များ စနစ်တကျကောက်ခံရေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးအေးသူက ကလေးပန်းဥယျာဉ် အပန်းဖြေရိပ်သာနှင့် မြို့လှပသန့်ရှင်းရေးများ စနေနေ့တိုင်းဆောင်ရွက်ရေး ဆွေးနွေးကြသည်။ (ဝ၆၉)

ရေပြွန်တွင် အမှိုက်များပိတ်ဆို့မှု နမ္မတူ၌ရှင်းလင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့ ဗိုလ်ချုပ်လမ်းဘေး ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းနှင့် လမ်းကူးရေပြွန်များတွင် အမှိုက်များပိတ်ဆို့နေခြင်းကို အောက်တိုဘာ ၁၀ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဌေးဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် ရှင်းလင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကြည်ဝင်းက ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

ကန်ကြီးထောင့်၌ သွေးလွန်တုပ်ကွေးကာကွယ်

ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ဆေးပက်ဖျန်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်က ရပ်ကွက်နှင့်အထက်တန်းကျောင်းများ၌ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွဋ်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

ခန္တီး၌ စာကြည့်တိုက်ရှင်သန်ရေး ဆွေးနွေး

ခန္တီးမြို့နယ် မိုးလွန်းကျေးရွာ ပညာမွန်စာကြည့်တိုက်၌ အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက သတ်မှတ်စံ (၅) ချက်နှင့်အညီ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးက ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ (၅) ချက်နှင့်အညီ စာငှားကတ်စနစ် ကျင့်သုံးရေးဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

အင်ပူမြို့၌ နိုင်ငံသားကတ်ပြားများ ပြုလုပ်ပေးအပ်

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်ပူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအတွင်းရှိ ရှမ်းခေါင်းဖြူအုပ်စု၊ လိပ်ပေါင်ဆွဲအုပ်စု၊ ကျိုကြီးအုပ်စု၊ လှည်းမောက်အုပ်စု၊ ပန်းတင်အုပ်စုများမှ အသက် (၁၀) နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးပြီး အောက်တိုဘာ ၂၂ ရက်က မြို့နယ်ခန်းမ၌ ကျေးရွာအုပ်စုဥက္ကဋ္ဌများထံ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ရေပိုက်သွယ်တန်းရေး ဆီဆိုင်၌ဆောင်ရွက်

ကျေးလက်ရေရရှိရေးအတွက် ရေထွက်ကန်မှ လွယ်ခရယ်ကျေးရွာအတွင်းသို့ ရေပိုက်သွယ်တန်းနိုင်ရေးအတွက် ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးခွန်ဝင်းမင်းထွဋ်က မြေအနေအထား ကွင်းဆင်းတိုင်းတာဆောင်ရွက်နေခြင်းကို စက်တင်ဘာ ၂၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် အမှုဆောင်အရာရှိ ဦးခင်မောင်ခတို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်သို့ စာအုပ်စာစောင်များလှူဒါန်း

နေပြည်တော်လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာအုပ်စု ကြံခင်းကျေးရွာ စာပန်းဥယျာဉ်စာကြည့်တိုက်သို့ စာအုပ် စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲကို အောက်တိုဘာ ၁၇ ရက်ကကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုကြီး၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်-ဒေါ်မြင့်မြင့်သန်းတို့က ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးဝင်းမြင့်သို့လည်းကောင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးသိန်းတိုး-ဒေါ်ပြုံးပြုံးရီမိသားစုက ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင် ဦးစိန်ဝင်းသို့လည်းကောင်း စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။ **(ဝ၈၃)**

နွားထိုးကြီး၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၀ တို့၏ လပတ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၃၀ ရက်က မြို့နယ်စပေါင်းရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမျိုးတင့်ဇော်က ကျေးရွာ၊ ရပ်ကွက်အလိုက် လုံခြုံရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးကြသည်။ (ဝ၉၂)

မြင်းခြံခရိုင်၌ ပြန်/ဆက် လုပ်ငန်းများဆွေးနွေး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းသည် နိုဝင်ဘာ ၂ ရက် ညနေ ၃ နာရီက မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ဒုတိယဦးစီးမှူး ဦးထိန်လင်းနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ညနေ ၄ နာရီတွင် တောင်သာမြို့နယ် ဒုတိယဦးစီးမှူး ဦးအောင်သိန်းနှင့် ဝန်ထမ်းများအားလည်းကောင်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးရုံး၌ တွေ့ဆုံဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

အမှောင်လည်းပြယ်၊ တစ်ရောင်တည်းခြယ်

ကချင်ပြည်နယ် အထူးဒေသ(၁)နှင့် ကယားပြည်နယ် အထူးဒေသ(၂)မှ တပ်ဖွဲ့ဝင်များအား နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် ပြောင်းလဲဖွဲ့စည်းသည့်သတင်းကို ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများ၌ တွေ့မြင် ကြားသိလိုက်ရသောအခါ ရင်မှလှိုက်လှဲစွာ ဝမ်းသာပီတိဖြစ်မိသည်။ ထိုသို့ဝမ်းသာပီတိဖြစ်ရခြင်းမှာ မြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေး အဖြစ်အပျက်များနှင့် ချိန်ထိုးနှိုင်းယှဉ်ကာ မြန်မာနိုင်ငံ၏ မကြာမီဖြစ်ပေါ်လာတော့မည့် နိုင်ငံသစ်အတွက် သုတိမင်္ဂလာနှင့် ပြည့်စုံသော သတင်းကောင်းအဖြစ် ဝမ်းမြောက်မိခြင်းဖြစ်ပါ၏။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို သင်ခန်းစာပြန်၍ ကောက်ရပါလျှင် စစ်ပြီးကာလ လွတ်လပ်ရေးရလုနီးအချိန်ကပင် စစ်ကျန်

ထိုထက်ပို၍အရေးပါသည်မှာ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိ၍နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခွင့်ရရှိသော ဂုဏ်ဖြစ်သည်။ နိုင်ငံသား တစ်ယောက်အတွက် ဤဂုဏ်သည်ဘာနှင့်မျှ မလဲနိုင်သော ထူးမြတ်လှသည့် ဂုဏ်ထူးဝိသေသပင် ဖြစ်တော့သည်။

လက်နက်ခဲယမ်းများနှင့် နိုင်ငံရေးအုပ်စုများ၏ ခါးပိုက်ဆောင်တပ်ဖွဲ့များပေါင်းစပ်ကာ သူတစ်လူ ငါတစ်မင်း ထကြွလာခဲ့ကြသည်။ လွတ်လပ်ရေးရပြီး မကြာမီအတွင်း မြန်မာနိုင်ငံ၌ အလံနီ၊ အလံဖြူ၊ ကွန်မြူနစ်များ၊ ရဲဘော်ဖြူ၊ ကေအင်န်ဒီအို၊ အမ်အင်န်ဒီအို စသည်ဖြင့် လက်နက်ကိုင်ဆူပူသောင်းကျန်းသူများ အရောင်စုံလင်စွာ ပေါ်ပေါက်ခဲ့သလို ယင်းတို့၏အန္တရာယ်မှ ကာကွယ်ရန်ဟုဆိုကာ နိုင်ငံရေးသမားတို့၏ ပျူစောထီး၊ လဲဗွီးကာကွယ်ရေး စသည့် အမည်အမျိုးမျိုးတပ်ထားသော ခါးပိုက်ဆောင်တပ်ဖွဲ့များကလည်း မှိုလိုပေါက်အောင် ရှိလာခဲ့သည်။ ပြည်သူလူထုမှာကား ကြားထဲမှ မြေစာပင်ဖြစ်ကြရသည်။

ထိုမှ နောက်ပိုင်းတွင်လည်း သောင်းကျန်းသူ အမျိုးအမည်များ ပြောင်းလဲသွားသည်။ အမျိုးအစားသစ်များ တိုးလာသည်။ အမျိုးမျိုးသော တပ်ပေါင်းစုများ၊ မဟာမိတ်များကလည်း ဖွဲ့လိုက် ပျက်လိုက်၊ ထပ်ဆင့်၍ဖွဲ့လိုက် မမှတ်မိနိုင်လောက်အောင်ပင် များပြားလှသည်။ နှစ်ယောက်နှင့် တစ်ပိုင်းသာရှိပြီး တစ်ဦးက သမ္မတ၊ ကျန်တစ်ဦးက စစ်ဦးစီးချုပ်ဟု မိမိတို့ကိုယ်ကို ကြေညာသော အုပ်စုငယ်ကလေးများပါဆွဲထည့်လျှင် သောင်းကျန်းသူ အမျိုးပေါင်း ရာနှင့်ချီ၍ရှိလာသည်။ တပ်ပေါင်းစုဆိုသည်များ၌လည်း ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု၊ မဒညတ (အမျိုးသားဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု)၊ သုံးပါတီတပ်ပေါင်းစု-တညလ (တိုင်းရင်းသားလူမျိုးပေါင်းစုံအဖွဲ့)၊ တလမဖ (တိုင်းရင်းသားလူမျိုးပေါင်းစုံ မဟာမိတ်အဖွဲ့/ တော်လှန်သောလူမျိုးပေါင်းစုံ မဟာမိတ်အဖွဲ့)၊ ပမဒတ (ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီတပ်ပေါင်းစု)၊ မဒတ (အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု)၊ ဒညတ (ဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု) စသည်ဖြင့် မြန်မာအက္ခရာပေါင်းစုံ၊ CRDB(Council for Restoration of Democracy in Burma)၊ DAB(Democratic Alliance of Burma)၊ NCUB (National Council of the Union of Burma) စသည်ဖြင့် အေမှဇက်အထိ အင်္ဂလိပ်အက္ခရာပေါင်းစုံ အမျိုးပေါင်းများစွာ ရှိနေလေရာ မြန်မာနိုင်ငံတွင် သောင်းကျန်းသူအဘိဓာန်တစ်ခုပင် ပြုစုထားရမတတ်ပင် ဖြစ်တော့သည်။

လွတ်လပ်ရေးရပြီးစ နိုင်ငံရေးသမားများ ဖွဲ့စည်းခဲ့သည့် ခါးပိုက်ဆောင်တပ်များမှာလည်း တစ်စထက်တစ်စ အများပြည်သူများ၏ အန္တရာယ်၊ နိုင်ငံရေးအတွက် ဆူးငြောင့်များပမာ ဖြစ်လာလေရာ တပ်မတော်အတွင်းသို့ အဆင့်ဆင့်သွတ်သွင်း၍ စနစ်တကျ ထိန်းကွပ်ပေးခဲ့ရသည်။

ထိုသို့ နိုင်ငံနှင့် လက်နက်ကိုင်အဖွဲ့ မမျှလောက်အောင်များပြားလှခြင်းကြောင့် မည်သည့်အကျိုးဆက်များ ဖြစ်ထွန်းခဲ့သည်ကို အထူးတလည်စာဖွဲ့၍ ပြောရန်လိုမည် မဟုတ်တော့ပါ။ 'တိုင်းပြည်ကနုန မုန်တိုင်းကထန်ထန်'ဟု ဆိုခဲ့ကြရာမှ တိုင်းပြည်ကရင့်လာသော်လည်း မုန်တိုင်းက မစဲသေး၊ တိုင်းပြည်ကြီး အိုဆွေးသွားသည့်တိုင် မုန်တိုင်းရန် အေးပါ့မလားဟု စိုးရိမ်နေခဲ့ရရာမှ တပ်မတော်အစိုးရလက်ထက်တွင် ၁၉၈၉ ခုနှစ်မှစ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ကာ ဥပဒေဘောင်အတွင်း စတင်ဝင်ရောက်လာခဲ့ကြပြီး နိုင်ငံတစ်ဝန်း သေနတ်သံများ စဲသွားခဲ့သည့်အတွက် သက်ပြင်းချနိုင်ခဲ့သည်။ သို့သော် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သေနတ်ပြောင်းလှည့်ကာ တိုက်ခိုက်၍ အချိန်ကုန်ခဲ့သည့် နှစ်ပေါင်းများစွာအတွင်း နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် ဘာမျှမလုပ်နိုင်ခဲ့။ ဘေးပတ်ဝန်းကျင်မှ ဘဝတူ၊ အဆင့်တူ

ကိုမြန်မာ

အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ကြည့်လိုက်သော် မိမိတို့က ခါးပြတ်၍ ကျန်နေခဲ့သည်ကို နောက်မှနေ၍ အပြေးလိုက်နေရဆဲဖြစ်သည်။

ကိုယ့်နိုင်ငံမှသာမဟုတ်၊ အလားတူ သူတစ်လူ ငါတစ်မင်း လက်နက်ကိုင်တပ်ဖွဲ့အများအပြား ကွဲပြားမင်းမူနေသော နိုင်ငံများ၏ ယနေ့ကံကြမ္မာကိုကြည့်လျှင်လည်း သံဝေဂယူဖွယ်သာ တွေ့ရပေလိမ့်မည်။

အီရတ်၌ ရှီးယိုက်နှင့် ဆွန်နီစစ်သွေးကြွများ၊ အာဖဂန်နစ္စတန်၌ တာလီဘန်နှင့် အယ်လ်ခိုင်ဒါစစ်သွေးကြွများ၊ မြောက်ပိုင်းမှ လက်နက်ကိုင်အင်အားစုများ၊ ခါးပိုက်ဆောင်တပ်ဖွဲ့များ၊ အချင်းချင်း တိုက်ကြ၊ ပြည်ပမှတပ်ဖွဲ့များကို တိုက်ကြ၊ လက်နက်နှင့် အမုန်းတရား၊ ရန်ငြိုးသံသယတို့ ပေါင်းစပ်ထားသမျှ မအေးချမ်းနိုင်၊ သွေးလွှမ်းသောလမ်း၌သာ လျှောက်ကြရစမြဲဖြစ်သည်။

ထို့ကြောင့်လည်း မည်သည့်အချုပ်အခြာအာဏာပိုင် နိုင်ငံ၌မဆို လက်နက်ကိုင်တပ်ဖွဲ့အားလုံးကို တစ်ခုတည်းသော ဗဟိုအစိုးရ၏ ကွပ်ကဲအုပ်ချုပ်မှုအောက်၌သာ ထားလေ့ရှိသည်။ ပြည်ထောင်စုစစ်စစ်ပါဟု ကြွေးကြော်ထားသော ဒီမိုကရေစီဘိုးအေနိုင်ငံ၊ ဒီမိုကရေစီ ရှေ့ဆောင်နိုင်ငံကြီးများ၌ပင် လက်နက်ကိုင်တပ်ဖွဲ့အားလုံးသည် ပြည်ထောင်စုဗဟိုအစိုးရ၏ ကွပ်ကဲအုပ်ချုပ်မှုအောက်တွင်သာ ရှိစမြဲဖြစ်၏။ ထိုနိုင်ငံများ၌ အမျိုးသား အရန်တပ်ဖွဲ့၊ ကမ်းခြေစောင့်တပ်ဖွဲ့ စသည်ဖြင့် အရန်တပ်ဖွဲ့ အမျိုးမျိုးရှိသော်လည်း ဗဟိုအစိုးရကသာ အုပ်ချုပ်ကွပ်ကဲရသည်။

အိမ်နီးချင်း ဒီမိုကရေစီနိုင်ငံများဖြစ်သော အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စသည်တို့၌လည်း BSF၊ အာသံရိုင်ဖယ်၊ BDR စသည်ဖြင့် နယ်ခြားစောင့်အရန်တပ်ဖွဲ့များရှိကြရာ ဗဟိုမှတိုက်ရိုက်ကွပ်ကဲအုပ်ချုပ်ထားသည်သာ ဖြစ်သည်။ အိမ်နီးချင်း ထိုင်းနိုင်ငံ၌လည်း BPP၊ တာဟာန်ဖရင်းစသော နယ်ခြားစောင့်အရန်တပ်ဖွဲ့များ ဖွဲ့စည်းထားရာ ဗဟိုအစိုးရ၏ ကွပ်ကဲအုပ်ချုပ်မှုအောက်၌သာရှိသည်။

ထို့ကြောင့် **ငြိမ်းချမ်းရေးရယူထားသော အထူးဒေသ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များသည် တပ်မတော်၏ ဖွဲ့စည်းပုံအတွင်း၌ နယ်ခြားစောင့်တပ်များအဖြစ် ပါဝင်ရခြင်းသည် ဂုဏ်ငယ်စရာ၊ သိမ်ငယ်စရာမဟုတ်ပါ။ စင်စစ်၌ ဂုဏ်ယူစရာ၊ ဂုဏ်ပြောင်စရာသာဖြစ်သည်။**

တပ်မတော်သားများနှင့်တန်းတူ စစ်ဝတ်တန်ဆာ အဆင့်တံဆိပ်များ တပ်ဆင်ရသည်။ အရာရှိများအနေဖြင့် နိုင်ငံတော်တံဆိပ်ပါသော ကြယ်ပွင့်များကို ပခုံးထက်၌ တပ်ခွင့်ရသည်။ ဤအခွင့်အရေးမျိုး လူတိုင်းမရနိုင်ပါ။ နိုင်[...] တန်တန် လေးလေးစားစား နေရာပေး[...]

ထို့အပြင် တပ်မတော်လစာ၊ ရိက္ခာနှင့် [...] ရရှိသည်။ တောတွင်း၌နေခဲ့ကြစဉ်က ဖြစ်[...] ရသော ဘဝမျိုးမဟုတ်တော့၊ ဘဝအာမခံ[...] မဟုတ်တော့ပြီ။

ထိုထက်ပို၍ အရေးပါသည်မှာ နိုင်ငံ[...] ကို စောင့်သိ၍ နိုင်ငံတော်ကို ကာကွယ်[...] ဂုဏ်ဖြစ်သည်။ နိုင်ငံသားတစ်ယောက်[...] ဘာနှင့်မျှမလဲနိုင်သော ထူးမြတ်လှသည့်[...] ဖြစ်တော့သည်။

ဤသို့ တိုင်းရင်းသားလက်နက်ကိုင်[...] တပ်ဖွဲ့အဖြစ် ခံယူဝင်ရောက်လာခြင်းသ[...] လိုအပ်လျက်ရှိသော တိုင်းရင်းသားစည်းလုံး[...] စည်းလုံးညီညွတ်ရေးအတွက် ကြီးစွာ[...] ခွန်အားလည်းဖြစ်ပေ၏။ တပ်မတော်ကြီး[...] တပ်ဖွဲ့ဝင်အားလုံး တစ်သွေးတစ်ရောင်တည်း[...] တစည်းတလုံးတည်း ပါဝင်ထမ်းဆောင်နေ[...] ကာလမှ အိမ်ကြက်ချင်း အိုးမည်းသုတ်၍[...] ညီနောင်အချင်းချင်း သံသယပွား၊ အာဃာတ[...] လှည့်ခဲ့ကြရသော အဖြစ်ဆိုးမျိုး ပြန်[...] ကျွဲနှစ်ကောင်မက ကျွဲတစ်အုပ်လုံးခတ်[...] ဖြစ်ခဲ့ကြရသော ပြည်သူတို့အတွက်လည်း[...] များနှင့် ထာဝရ လမ်းခွဲနိုင်တော့မည်။ [...] ဦးတည်နိုင်တော့မည်။ ကောင်းလေစွ၊ ဝ[...]

စင်စစ်၌ မြန်မာ့တပ်မတော်သည် ရွေး[...] တပ်မတော်ဖြစ်သည်။ တိုင်းရင်းသားအားလုံ[...] ခဲ့ကြသည်။ ယနေ့ထက်တိုင်လည်း ပြည်[...] တည်း။ တပ်မတော်သည် လူမျိုးတစ်မျိုး၊ [...] တစ်ခုတည်း၏ တပ်မတော်မဟုတ်။ တို[...] တပ်မတော်ဖြစ်သည်။ နိုင်ငံသားအာ[...] ဖြစ်သည်။

ဤပြည်ထောင်စုတပ်မတော်ကြီးအ[...] ငြိမ်းချမ်းရေး အထူးတပ်ဖွဲ့များ နယ်[...] ဝင်ရောက်လာခြင်းမှာ မောက်ပတ္တမြား[...] သကဲ့သို့ ပန်းသင့်လှပေတော့သည်။

ယခုကဲ့သို့ ကချင်ပြည်နယ် အထူး[...] ပြည်နယ်အထူးဒေသ(၂)တို့အနေဖြင့် နယ်[...] နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ပါ[...] သည့်နည်းတူ ကျန်ရှိနေသော အထူးဒေသ[...] များသည်လည်း တိုင်းရင်းသားပြည်သူ[...] အကျိုးကို ရှေးရှုကာ နောက်မှလိုက်ပါ[...] လိမ့်မည်ဟု မျှော်လင့်ယုံကြည်မိပါ၏။[...] ပါ၏။ ။

စင်စစ်၌ မြန်မာ့တပ်မတော်သည် ရွေးမဆွကပင် ပြည်[...] တပ်မတော်ဖြစ်သည်။ တိုင်းရင်းသားအားလုံး ပါဝင်အမှုထမ်း[...] ကြသည်။ ယနေ့ထက်တိုင်လည်း ပြည်ထောင်စု တပ်မတော်သာ[...] တပ်မတော်သည် လူမျိုးတစ်မျိုး၊ တိုင်းရင်းသား မျိုးနွယ်စုတစ်ခု[...] တပ်မတော်မဟုတ်။ တိုင်းရင်းသားအားလုံး၏ တပ်မတော်ဖြ[...] နိုင်ငံသားအားလုံး၏ တပ်မတော်ဖြစ်သည်။

ဤအခွင့်အရေးမျိုး လူတိုင်းမရနိုင်ပါ။ နိုင်ငံတော်က ထိုက်ထိုက်တန်တန် လေးလေးစားစား နေရာပေးခြင်းဖြစ်သည်။

ထို့အပြင် တပ်မတော်လစာ၊ ရိက္ခာနှင့် ခံစားခွင့်အားလုံး တန်းတူရရှိသည်။ တောတွင်း၌နေခဲ့ကြစဉ်က ဖြစ်သလိုနေ၊ ဖြစ်သလိုစားရသော ဘဝမျိုးမဟုတ်တော့၊ ဘဝအာမခံချက်မရှိသော ဘဝမျိုးမဟုတ်တော့ပြီ။

ထိုထက်ပို၍ အရေးပါသည်မှာ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိ၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခွင့်ရရှိသော ဂုဏ်ဖြစ်သည်။ နိုင်ငံသားတစ်ယောက်အတွက် ဤဂုဏ်သည် ဘာနှင့်မျှမလဲနိုင်သော ထူးမြတ်လှသည့် ဂုဏ်ထူးဝိသေသပင် ဖြစ်တော့သည်။

ဤသို့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ခံယူဝင်ရောက်လာခြင်းသည် နိုင်ငံတော်သစ်တွင် လိုအပ်လျက်ရှိသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ကြီးစွာသော အထောက်အပံ့ ခွန်အားလည်းဖြစ်ပေ၏။ တပ်မတော်ကြီးအတွင်း တိုင်းရင်းသားတပ်ဖွဲ့ဝင်အားလုံး တစ်သွေးတစ်ရောင်တည်း၊ တညီတညွတ်တည်း၊ တစည်းတလုံးတည်း ပါဝင်ထမ်းဆောင်နေကြခြင်းအားဖြင့် အတိတ်ကာလမှ အိမ်ကြက်ချင်း အိုးမည်းသုတ်၍ အခွပ်ခိုင်းခြင်းခံရကာ ညီနောင်အချင်းချင်း သံသယပွား၊ အာဃာတပွား၍ သေနတ်ပြောင်းလှည့်ခဲ့ကြရသော အဖြစ်ဆိုးမျိုး ပြန်၍မပေါ်လာနိုင်တော့ပြီ။ ကျွဲနှစ်ကောင်မက ကျွဲတစ်အုပ်လုံးခတ်သည့်ကြားမှ မြေစာပင်ဖြစ်ခဲ့ကြရသော ပြည်သူတို့အတွက်လည်း အနိဋ္ဌာရုံ အိပ်မက်ဆိုးများနှင့် ထာဝရ လမ်းခွဲနိုင်တော့မည်။ ထာဝရငြိမ်းချမ်းရေးသို့ ဦးတည်နိုင်တော့မည်။ ကောင်းလေစွ၊ ဝမ်းမြောက်ဖွယ်ရှိလေစွ။

စင်စစ်၌ မြန်မာ့တပ်မတော်သည် ရှေးမဆွကပင် ပြည်ထောင်စုတပ်မတော်ဖြစ်သည်။ တိုင်းရင်းသားအားလုံး ပါဝင်အမှုထမ်းဆောင်ခဲ့ကြသည်။ ယနေ့ထက်တိုင်လည်း ပြည်ထောင်စုတပ်မတော်သာတည်း။ တပ်မတော်သည် လူမျိုးတစ်မျိုး၊ တိုင်းရင်းသားမျိုးနွယ်စုတစ်ခုတည်း၏ တပ်မတော်မဟုတ်။ တိုင်းရင်းသားအားလုံး၏ တပ်မတော်ဖြစ်သည်။ နိုင်ငံသားအားလုံး၏ တပ်မတော်ဖြစ်သည်။

ဤပြည်ထောင်စုတပ်မတော်ကြီးအတွင်း၌ တိုင်းရင်းသားငြိမ်းချမ်းရေး အထူးတပ်ဖွဲ့များ နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ဝင်ရောက်လာခြင်းမှာ ငမောက်ပတ္တမြားကို စိန်သားဖြင့်စီခြယ်သကဲ့သို့ ပန်းသင့်လှပေတော့သည်။

ယခုကဲ့သို့ ကချင်ပြည်နယ် အထူးဒေသ(၁)နှင့် ကယားပြည်နယ်အထူးဒေသ(၂)တို့အနေဖြင့် နယ်ခြားစောင့်တပ်အဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ပါဝင်ထမ်းဆောင်လာကြသည့်နည်းတူ ကျန်ရှိနေသော အထူးဒေသများမှ ညီနောင်သွေးချင်းများသည်လည်း တိုင်းရင်းသားပြည်သူလူထု၏အကျိုး၊ နိုင်ငံ၏အကျိုးကို ရှေးရှုကာ နောက်မှလိုက်ပါ လျှောက်လှမ်းလာကြလိမ့်မည်ဟု မျှော်လင့်ယုံကြည်မိပါ၏။ လက်ကမ်းကြိုဆိုနေပါ၏။ ။

မဆွကပင် ပြည်ထောင်စု
း ပါဝင်အမှုထမ်းဆောင်ခဲ
စု တပ်မတော်သာတည်း။
း မျိုးနွယ်စုတစ်ခုတည်း၏
၏ တပ်မတော်ဖြစ်သည်။

ကျေးလက်ရေပေးရေးလုပ်ငန်း နောင်ချိုမြို့နယ်တွင် တိုးချဲ့ ဆောင်ရွက်

နောင်ချို နိုဝင်ဘာ ၁၄

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ရေပေးရေး တိုးချဲ့လုပ်ငန်းသစ်အဖြစ် မျက်ချင်းနုကျေးရွာတွင် နှစ်လက်မ ပီဗွီစီပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့ ကွင်းဆင်းကြီးကြပ်ရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးခိုင်မင်းထွန်းက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

သန့်ရှင်းသော သောက်သုံးရေ

အဆိုပါ လုပ်ငန်းမှာ အရှည်ပေ ၁၂၆၀ရှိပြီးအဖွဲ့ရန်ပုံငွေကျပ် ၁၂၂၅၈၀၀ ကုန်ကျခံ ဆောင်ရွက်ခဲ့ကြောင်းနှင့် လုပ်ငန်းပြီးစီးပါက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိမည်ဟု သိရသည်။

(မြို့နယ်စည်ပင်)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရတနာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၈ရက်က အဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးသန်းလွင် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



မြန်မာ့ရိုးရာခြင်းလုံး ဒိုင်လူကြီးသင်တန်း ဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာခြင်းလုံး အလှခတ်/ အမှတ်ခတ်ပြိုင်ပွဲများတွင် တာဝန်ထမ်းဆောင်နိုင်ရန် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ (၁/၂၀၀၉) ဒိုင်လူကြီးသင်တန်းကို နိုဝင်ဘာ ၂၇ရက်မှ ဒီဇင်ဘာ ၃ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း အဖွဲ့ချုပ်ရုံးခန်း၌ သင်တန်းဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ရုံးခန်း ဖုန်း-၀၁-၃၉၃၄၂၀၊ တွဲဖက်အတွင်းရေးမှူး ဦးရဲအောင် ဖုန်း-၅၅၅၁၁၆၊ ရုံးအဖွဲ့မှူး ဦးမျိုးမြ ဖုန်း-၀၉-၅၀-၅၁၀၇၉၊ ၂၂၆၈၇၂ တို့သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။

(မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်)

ဂန္ထဝင်မြောက် မြန်မာ့ဂီတ၊ မြန်မာ့သီချင်း သုတေသနစာတမ်းဖတ်ပွဲ
ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၄

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ဂန္ထဝင်မြောက် မြန်မာ့ဂီတ၊ မြန်မာ့သီချင်း သုတေသနစာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁၃ရက် နံနက် ၉နာရီက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ စာတမ်းဖတ်ပွဲ အခမ်းအနားသို့ မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဦးမြင့်ကြည်၊ စာရေးဆရာ ချစ်စံဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သုတေသနပညာရှင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသား ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဂန္ထဝင်မြောက် မြန်မာ့ဂီတ၊ မြန်မာ့သီချင်း သုတေသနစာတမ်းဖတ်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ အလှည့်ကျ သဘာပတိများအဖြစ် မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဦးမြင့်ကြည်၊ စာရေးဆရာ ချစ်စံဝင်းတို့က ဆောင်ရွက်ကြသည်။

နံနက်ပိုင်း စာတမ်းဖတ်ပွဲတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ နည်းပြ(ဂီတ) ဒေါ်သိမ့်သိမ့်ဆွေက ဝတ်တော်ရုံသီချင်းလေ့လာချက် စာတမ်းကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မြန်မာစာကထိက ဒေါက်တာသီတာမြင့်က မဟာဂီတဝင် ရှေးကြိုးသီချင်းများမှ ဝေါဟာရအသုံးအနှုန်းများကိုလေ့လာခြင်း စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

ဖတ်ကြား

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မြန်မာစာကထိက ဒေါက်တာ ကျော်မင်းက ဝန်ကြီးပဒေသရာဇာနှင့် ဘုန်းတော်ဘွဲ့ သီချင်းခံများစာတမ်းကိုလည်းကောင်း၊ အနုပညာဦးစီးဌာန သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲမှ သုတေသနအရာရှိ ဦးမောင်မောင်လတ်က ပျူခေတ်တေးဂီတလေ့လာချက် စာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

ဖြေကြား

ဖတ်ကြားတင်သွင်းသော စာတမ်းများနှင့်စပ်လျဉ်း၍ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်၊ အမျိုးသားစာကြည့်တိုက်မှ ညွှန်ကြားရေးမှူး ဦးကျော်ဦး၊ သမဝါယမဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်(၁) ဦးသက်ဝေတို့က ဆွေးနွေးအကြံပြု မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

သုံးသပ်ဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံအမျိုးသား ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးပြီး စာတမ်းဖတ်ပွဲ အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုဝင်ဘာ ၂ရက်က ဝါးခယ်မမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့မလမ်း ပတ္တမြားရပ်ကွက် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးတို့ ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်မင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၁-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလာသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**အသိမှန်ကန် အဖိုးတန်** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၂၁)
၈:၃၀	Sports World (Sunday Special)
၈:၅၅	ရွှေနန်းဆန်ဆန်၊ ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဌာန်
၉:၁၅	ကိုယ်တိုင်ကျင့် ဆင့်ပွားလှုပ်ရှား လူထုအခြေပြုကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းအကြောင်း ဆွေးနွေးပွဲ
၉:၃၅	Sunday Talk ခင်မောင်ညို(ဘောဂဗေဒ)၊ မျိုးမြတ်သူ
၁၀:၃၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ပြားကိုးဆယ်ဖိုးတုတ်**
၁၁:၁၀	ဆီးချို၊ သွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ (အပိုင်း-၂) ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်
၁၁:၃၅	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဘိုဘိုဟန်)
၁၂:၁၀	မောမြေရဲ့ အမောပြေ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်
၁၂:၂၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ကိုစိန်ဝင်း၏တေးများ တေးစု-ဒုတိယ)
၁၂:၄၅	ရှင်တော်မဟာမုနိ… ဘဂဝါပူဇေမိ
၁:၀၀	**အသိမှန်ကန် အဖိုးတန်** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (အပျိုကြီးဖြစ်တာကောင်းတယ်၊ အပျိုကြီးမဖြစ်တာကောင်းတယ်)
၃:၅၀	မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်း
၄:၀၅	စက္ကူလွှင့်လွှင့် ပန်းယဉ်ယဉ် အလှဆင်စေချင်
၄:၂၀	ရန်ကုန်မြင်ကွင်းကျယ် (ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်ပွဲ)
၄:၄၅	ကိုယ်တိုင်ကျင့် ဆင့်ပွားလှုပ်ရှား လူထုအခြေပြုကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းအကြောင်း ဆွေးနွေးပွဲ
၅:၀၅	ရွှေနန်းဆန်ဆန်၊ ပုဂံဟန်ပန် Aureum Palaceအသွင်သဏ္ဌာန်
၅:၃၅	Sports World (Sunday Special)
၆:၀၀	MRTV-4 သတင်း
၆:၂၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဘိုဘိုဟန်)
၆:၅၅	ဈေးဝယ်လမ်းညွှန် (Yuzana Garden Fashion House)
၇:၁၅	FMF (Selection)
၇:၄၅	ဗီဒီယိုပြခန်း
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (အပျိုကြီးဖြစ်တာကောင်းတယ်၊ အပျိုကြီးမဖြစ်တာကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၂၁)
၁၀:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁:၄၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ကိုစိန်ဝင်း၏တေးများ တေးစု-ဒုတိယ)
၁၂:၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ပြားကိုးဆယ်ဖိုးတုတ်**
၁၂:၃၀	**မေတ္တာရောင်ပြန်** ဇေယျာ၊ ဦးဝင်းမြင့်၊ စိုးမိုးကြည် ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)
၁၂:၅၀	ရန်ကုန်မြင်ကွင်းကျယ် (ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်ပွဲ)
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စိုက်ပျိုးရေဝေလျှံ ပုလဲမြို့က ကန်ဒေါ်ရေလှောင်တမံ

သတင်းခရီးသည် - ကျော်စိန်
ဓာတ်ပုံလက်ရာ - အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်၍၊ စိုက်ပျိုးရေးတွင် မြေနှင့်ရေသည် အဓိကဖြစ်သည်။ ယာမြေသီးနှံစိုက်ပျိုးရေးတွင် ရေအနည်းငယ်သာ လိုအပ်သော်လည်း လယ်မြေစပါးစိုက်ပျိုးရာတွင် ရေသည် အဓိကအလိုအပ်ဆုံးဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း၊ မြေလတ်ပိုင်း အထက်

"အောက်တိုဘာလ မိုးရေအဝင်များလို့ ၄၃၆ဧကပေ ရေလျှံကျခဲ့ပါတယ်"
ဦးအောင်မင်းနိုင် (ဦးစီးအရာရှိ) တည်ဆောက်ရေး(၄)။

"ရေလှောင်ပမာဏ ဧကပေ ၆၀၀ သတ်မှတ်ထားတာ ရေပြည့်လျှံနေပါပြီ"
ဦးသန်းလှိုင် (ဦးစီးအရာရှိ) တည်ဆောက်ရေး(၄)။

အညာဒေသသည် မိုးနည်းရပ်ဝန်းဒေသဖြစ်သည့်အလျောက် နှစ်စဉ်မိုးရွာသွန်းမှုနည်းပါးခဲ့သည်။ စစ်ကိုင်းတိုင်း ပုလဲမြို့နယ်သည်လည်း မိုးနည်းရေရှား မြို့တစ်မြို့ဖြစ်သည်။

မျက်မြင်ကိုယ်တွေ့

မကြာမီက စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ကန်ဒေါ်ကျေးရွာအနီး တည်ဆောက်ပြီးစီးသွားသော ကန်ဒေါ်ရေလှောင်တမံတည်ရှိရာသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။ ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာလယ်ယာမြေဧက ၂၀၀သို့ မိုးစပါး၊ နွေစပါးများ စိုက်ပျိုးနိုင်ရန် ရေပေးဝေမည့်သတင်းကို မျက်မြင်ကိုယ်တွေ့ လေ့လာရန်ပင်ဖြစ်၏။

စစ်ကိုင်းတိုင်း မုံရွာမြို့နှင့် ၄၃မိုင်ဝေးသော ပုလဲမြို့နယ် ကန်ဒေါ်ရေလှောင်တမံသို့ နိုဝင်ဘာ ၉ရက်က ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်၊ ဦးစီးအရာရှိ ဦးသန်းလှိုင်တို့နှင့်အတူ သတင်းအဖွဲ့ ရောက်ရှိကြသည်။ တမံအလျားပေ ၁၈၀၀၊ အမြင့် ၇၉ပေရှိ မြေသား ရေလှောင်တမံပေါ်သို့ တက်ရောက်ကြည့်ရှုရာ ရေထိန်းမျှော်စင် ကန်ရေပြည့် အမှတ်အသားအထိ ရေပြည့်ရေလျှံကာ ရေသိုလှောင်ထားသော ကန်ဒေါ်ရေလှောင်တမံ၏ ရေပြင်ကျယ်မြင်ကွင်းကို မြင်တွေ့လိုက်ရသည်။

ရေအဝင်များ

ကန်ဒေါ် ရေလှောင်တမံ တည်ဆောက်ရေး ဦးစီးအရာရှိ ဦးအောင်မင်းနိုင်က "၂၀၀၉ခုနှစ် မတ်လမှ စတင်ရွာသွန်းသော မိုးရေများကို သိုလှောင်ခဲ့ကြောင်း၊ မိုးရွာသွန်းမှုနည်းပါး၍ ရေသိုလှောင်နိုင်မှုနည်းပါးခဲ့သော်လည်း ၂၀၀၉ခုနှစ် ဩဂုတ်လ၊ စက်တင်ဘာလ၊ အောက်တိုဘာလများတွင် မိုးရေချိန် ၂၁ လက်မကျော် ရွာသွန်းသိုလှောင်ရရှိခဲ့သဖြင့် ယခုကဲ့သို့ ရေအဝင်များပြားခဲ့ခြင်းဖြစ်ကြောင်း၊ အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သောမိုးကြောင့် ရေပိုလွှဲမှ လျှံကျရေသည် ၄၃၆ ဧကပေရှိသဖြင့် ရနိုင်သရွေ့ သိုလှောင်ရန် ရေပိုလွှဲရေလျှံပေါက်တွင် သဲအိတ်များချ၍ ပိတ်ဆို့ထားပါကြောင်း"ဖြင့် ကန်ဒေါ်ရေလှောင်တမံ၏ရေဝင်ရောက်မှု၊ သိုလှောင်ထားရှိမှုတို့ကို ရှင်းပြသည်။

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်က ကန်ဒေါ်ရေလှောင်တမံ တည်ဆောက်ရခြင်းအကြောင်းကို ရှင်းပြရာတွင် "၃၁-၁၂-၂၀၀၆ရက် ပုလဲမြို့နယ် လှိုင်းချောင်း ရေလှောင်တမံ ဖွင့်ပွဲတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ လမ်းညွှန်ချက်အရ လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ဆင်ရေးအထူးအဖွဲ့မှူး၏ ၃၀-၁-၂၀၀၇ရက် လှိုင်းချောင်းရေလှောင်တမံ ခရီးစဉ်လမ်းညွှန်ချက်အရလည်းကောင်း၊ ကန်ဒေါ်ရေလှောင်တမံကို ၁၄-၁၁-၂၀၀၈ရက်တွင် ပြုလုပ်သော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အထူးအစည်းအဝေး (၁/၂၀၀၈)ခွင့်ပြုချက်ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ယခုတည်ဆောက်ပြီးစီးသွားသော ကန်ဒေါ်ရေလှောင်တမံမှ ပုလဲမြို့နယ်အတွင်းရှိ လယ်မြေဧက ၂၀၀ကို ရေပေးဝေမည် ဖြစ်ပါကြောင်း" ဖြင့် ရှင်းလင်းပြောကြားသည်။

"တစ်ရွာလုံး ဝမ်းသာပျော်ရွှင်နေကြပါတယ်"
ဒေါ်ခင်နွဲ့ သားဖွားဆရာမ၊ ကန်ဒေါ်ကျေးရွာ။

"စိတ်ကူးယဉ်အိပ်မက် အကောင်အထည်ပေါ်လာပြီလေ"
ဦးခင်မောင် တောင်သူ၊ ကန်ဒေါ်ကျေးရွာ။

အကျယ်ပေ ၈၀၊ အလျား ပေ၅၉၀ရှိ ရေပိုလွှဲပေါက်တွင် ရေပိုမိုသိုလှောင်ထားရှိရန် သဲအိတ်များ ပိတ်ဆို့ချထားသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

တစ်နှစ်သုံးသီး

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ ဦးသန်းလှိုင် က "စစ်ကိုင်းတိုင်း ပုလဲမြို့နယ်တွင် နှစ်စဉ်မိုးရေချိန် လက်မ ၃၀ခန့်သာ ရွာသွန်းလေ့ရှိပါကြောင်း၊ ပုလဲမြို့နယ်သည် ရှေးယခင်ကပင် ရေခံမြေခံကောင်းသည့်အတွက် မိုးစပါးနှင့် အခြားသီးနှံများကို တစ်နှစ် နှစ်သီး စိုက်ပျိုးကြရာမှ ယခုအခါ ကန်ဒေါ် ရေလှောင်တမံ ဆည်ရေဖြင့် မိုးစပါး၊ နွေစပါးနှင့်အခြားသီးနှံများကို တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်တော့မည်ဖြစ်ရာ စိုက်ပျိုးသူများ ဝင်ငွေ ပိုမိုရရှိတော့မည်မှာ မလွဲသေချာပါကြောင်း၊ ကန်ဒေါ် ရေလှောင်တမံ၏ ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာသည် ၅၆ ဧကရှိသဖြင့် ရေလှောင်ပမာဏသည် ဧကပေ ၆၀၀ဟု သတ်မှတ်ထားသော်လည်း ယခုအခါ ရေလှောင်ပမာဏ ၆၀၃ ဧကပေအထိ သိုလှောင်ထားရှိနေပါကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

ဝမ်းမြောက်စကား

ဆေးရောင်စုံတို့ဖြင့် ခြယ်သမွမ်းထုံထားသည့် ရေထိန်းမျှော်စင်၊ ရေပိုလွှဲမြောင်း၊ ရေပေးတူးမြောင်းမကြီးနှင့် သပ်ရပ်ညီညာစွာ တည်ဆောက်ထားသည့် ရေလှောင်တမံမြေသားပေါင်နှင့် ရေပြည့်လျှံသိုလှောင်ထားသည့် မြင်ကွင်းအလှကို ဒေသခံရွာသားများ လာရောက်လေ့လာကြည့်ရှုနေကြသူများထဲမှ အမျိုးသမီးတစ်ဦးအား တွေ့ဆုံမေးမြန်းခဲ့သည်။

တစ်ရွာလုံးဝမ်းသာ

"ကျွန်မနာမည်ဒေါ်ခင်နွဲ့ပါ၊ ကန်ဒေါ်ရွာမှာ နေပါတယ်။ ကျန်းမာရေးဦးစီးဌာနမှာ သားဖွားဆရာမ တာဝန်ထမ်းဆောင်ပါတယ်။ အရင်တုန်းက ကန်ဒေါ်ရွာဟာ မိုးရွာမှရေရတာပါ၊ အခုလို ရေပေါပေါများများမရှိပါဘူး၊ အခုလို နိုင်ငံတော်က ဆည်ကြီးတည်ဆောက်ပေးပြီး လယ်ယာတွေအတွက် ရေတွေပေးမယ်ဆိုတော့ တစ်ရွာလုံး ဝမ်းသာနေကြပါတယ်။ စိုက်ပျိုးရေတင်မဟုတ်ဘဲ သောက်ရေ၊ သုံးရေပါ ရမယ်ဆိုတော့ ပိုလို့ပျော်တာပေါ့၊ တောင်သူလယ်သမားတင်မကဘူး ရွာသားတွေပါ ဝမ်းသာပျော်ရွှင်နေကြလို့ နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်နေကြပါတယ်"ဟု ဝမ်းမြောက်စကား ပြောကြား၍ ပီတိဖြစ်ခဲ့ရသည်။

အသက်၇၇နှစ်ရှိပြီဖြစ်သော ကန်ဒေါ်ကျေးရွာမှ တောင်သူ ဦးခင်မောင်အား နိုင်ငံတော်မှ ရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် ရင်တွင်းခံစားချက်ကို မေးမြန်းရာ "အဘက ဒီရွာမှာ တစ်သက်လုံးနေလာတာ နှမ်းလည်းစိုက်တယ်၊ စပါးလည်းစိုက်တယ်၊ ဒီဒေသက မိုးအရွာနည်းတော့ သက်နုစပါးစိုက်တယ်၊ သုံးနှစ်လောက်ရှိပြီ စိုက်လို့မရဘူး၊ ရေအရနည်းလို့လေ၊ တစ်ခါတလေ အိပ်ရင်း စဉ်းစားမိတယ်၊ စိတ်ကူးယဉ်တာပေါ့၊ မိုးတွေအများကြီးရွာပြီးရေတွေအများကြီးရရင် ကောင်းမှာပဲလို့၊ အခုဆည်ကြီး တည်ဆောက်ပြီး ရေပေးမယ်ဆိုတော့ အဘရဲ့စိတ်ကူးယဉ် အိပ်မက်အကောင်အထည်ပေါ်ပြီလေ၊ မိုးစပါးလည်း စိုက်မယ်၊ နွေစပါးလည်းစိုက်မယ်၊ ဆောင်းသီးနှံ၊ ဂျုံ၊ ကုလားပဲစိုက်မယ်၊ တစ်နှစ်သုံးသီးစိုက်ပါ့မယ်၊ ကန်ဒေါ်ရွာမှာ အိမ်ခြေ ၁၇၉အိမ်နဲ့ လူ ၁၀၀၀ကျော်လောက်ရှိတယ်၊ တစ်ရွာလုံး ဝမ်းသာနေကြတယ်၊ သူတို့ဝမ်းသာသလို အဘလည်းဝမ်းသာနေတယ်၊ ဒါအဘရဲ့ ရင်တွင်းခံစားချက်ပါပဲ"ဟု ဝမ်းမြောက်စကားဆိုသည်။

အထောက်အကူပြု

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ကန်ဒေါ်ကျေးရွာအနီး ကျောက်ဖြူတ်ချောင်းကိုပိတ်ကာ တည်ဆောက်ထားသော ကန်ဒေါ် ရေလှောင်တမံသည် အလျားပေ၁၈၀၀၊ အမြင့်၇၉ပေရှိမြေသား တမံအမျိုးအစားဖြစ်သည်။ အကျယ်ပေ၈၀၊ အလျားပေ ၅၉၀ရှိ ရေပိုလွှဲနှင့် အလျား၁၀၅ပေရှိ ရေထုတ်ပြွန်တို့ကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားသည်။ တူးမြောင်းအဆောက်အအုံ ၂၁ခု ရှိပြီး တူးမြောင်းမကြီး အလျားသည် ၁ဒသမ၅မိုင်ရှည်လျားသည်။ တည်ဆောက်မှုကာလမှာ နှစ်နှစ်ဖြစ်ပြီးစီမံကိန်းခန့်မှန်းကုန်ကျငွေမှာ ကျပ်သန်း ၁၄၀၀ ဖြစ်ကြောင်း သိရှိရသည်။ ကန်ဒေါ် ရေလှောင်တမံစီမံကိန်း တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ပုလဲမြို့နယ်အတွင်း လယ်မြေဧရိယာဧက ၂၀၀အား တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်၍ တောင်သူများ၏ ဝင်ငွေပိုမိုကာ လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်သည့်အပြင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်ပါ အထောက်အကူပြုလာမည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ကန်ဒေါ်ကျေးရွာအနီး ကျောက်ဖြူတ်ချောင်းကို ပိတ်၍ တည်ဆောက်ထားသော ကန်ဒေါ်ရေလှောင်တမံ၏ ရေသိုလှောင်ထားရှိမှုမြင်ကွင်းအလှ····
(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

စင်ကာပူနှင့် ၂၀၁၀ လူငယ်အိုလံပစ် အားကစားပွဲတော်

မောင်မောင်မြင့်ဆွေ ရေးသား၍ ဇင်မင်းသန့် (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

စင်ကာပူ နိုဝင်ဘာ ၁၄

၂၀၁၀ လူငယ်အိုလံပစ်အားကစား ပွဲတော်ကို စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပဖို့အတွက် နိုင်ငံတကာ အိုလံပစ်ကော်မတီ (အိုင်အိုစီ)က ရွေးချယ်သတ်မှတ်ပေးထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ စင်ကာပူနိုင်ငံဟာ အဲဒီပွဲတော်နဲ့ပတ်သက်ပြီး အစစအရာရာ ပြင်ဆင်မှုတွေ ပြုလုပ်နေပြီ ဖြစ်ပါတယ်။

မှတ်တမ်းတင်

၁၈၉၄ခုနှစ်ကတည်းက စတင်ကျင်းပလာတဲ့ နွေရာသီအားကစားပွဲတော်ကို ၂၀၁၀ခုနှစ်မှာ ပထမဆုံးအကြိမ်အဖြစ် လူငယ်အိုလံပစ် အားကစားပွဲတော်ရယ်လို့ သတ်မှတ်ကျင်းပတော့မှာ ဖြစ်တာမို့ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရတဲ့ စင်ကာပူနိုင်ငံဟာလည်း ဂုဏ်ယူစွာဖြင့် မှတ်တမ်းတင်နိုင်မှာ ဖြစ်ပါတယ်။

စုစည်းပါဝင်

၂၀၁၀ လူငယ်အိုလံပစ်အားကစားပွဲတော်ကို စင်ကာပူနိုင်ငံမှာ ကျင်းပပေမယ့် တစ်ကမ္ဘာလုံးက နိုင်ငံတွေနဲ့ ပြည်သူတွေ တစုတစည်းတည်း ပါဝင်ဆင်နွှဲတဲ့ သဘောဆောင်အောင် ရုပ်မြင်သံကြားထုတ်လွှင့်မှု အစီအစဉ်တွေကို ၂၄နာရီပတ်လုံး ထုတ်လွှင့်ပေးသွားမှာမို့ အခုဆိုရင် ဆွေးနွေးသဘောတူညီမှုတွေရရှိခဲ့ပြီး ဖြစ်တယ်လို့ နိုင်ငံတကာအိုလံပစ် ကော်မတီအကြီးအကဲ ဂျက်ကွက်ရော့ဂီက နိုဝင်ဘာ ၁၄ရက်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

သဘောတူညီ

၂၀၁၀ လူငယ်အိုလံပစ်အားကစားပွဲတော် အစီအစဉ်တွေကို ၂၄နာရီပတ်လုံး ထုတ်လွှင့်ဖို့အတွက် ဆင်းတဲလ်နဲ့ စတားဟုဘ်မီဒီယာအုပ်စုက တာဝန်ယူဖို့အတွက် သဘောတူညီမှုရရှိပြီး လက်မှတ်လည်း ရေးထိုးနိုင်ခဲ့ပြီ

စင်ကာပူ အမျိုးသားဘောလုံးကွင်း။

(ဓာတ်ပုံ-အင်တာနက်)

ဖြစ်ပါတယ်။ အဲဒီ မီဒီယာ အုပ်စုတွေက တစ်ကမ္ဘာလုံးကို ရုပ်မြင်သံကြား ထုတ်လွှင့်ပေးသွားမှာ ဖြစ်ပါတယ်။ ရုပ်မြင်သံကြားထုတ်လွှင့်မှု အစီအစဉ်တွေဟာ တိုက်ရိုက်ထုတ်လွှင့်မှုတွေဖြစ်တာမို့ ကြည့်ရှုတဲ့ ကမ္ဘာ့ပြည်သူတွေအနေနဲ့ စိတ်ဝင်စားမှု ပိုမိုရရှိစေမှာဖြစ်ပါတယ်။

အခမဲ့

"ဒီလို ရုပ်မြင်သံကြားအစီအစဉ်တွေ ထုတ်လွှင့်တဲ့အခါ ကမ္ဘာ့ပရိသတ်တွေ အလွယ်တကူကြည့်ရှုနိုင်ရန်အတွက် အခမဲ့ကြည့်ရှုနိုင်အောင် စီစဉ်ပေးသွားမှာဖြစ်ပါတယ်"လို့ နိုင်ငံတကာ အိုလံပစ်ကော်မတီရဲ့ အသံလွှင့်ရေးရာအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရစ်ချပ်ကာရွန်က ပြောကြားနေပါတယ်။

၂၀၁၀ လူငယ်အိုလံပစ်အားကစားပွဲတော် ကျင်းပဖို့အတွက်လိုအပ်တဲ့အားကစားကွင်းနဲ့ အဆောက်အအုံတွေကို စင်ကာပူနိုင်ငံမှာတော့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေတာ ပြီးစီးလုနီးပါးဖြစ်နေပြီလို့ ဆိုပါတယ်။ အားကစားသမားများ သွားလာရေး၊ တည်းခိုရေးနဲ့ လေ့ကျင့်ရေးနေရာတွေကအစ အသေးစိတ်ပြင်ဆင်နေပြီ ဖြစ်ပါတယ်။

ဖွင့်လှစ်

၂၀၁၀ လူငယ်အိုလံပစ် အားကစားပွဲတော်အတွက် လိုအပ်တဲ့အချက်နဲ့ အကြံပြုချက်တွေ ပေးနိုင်အောင်လည်း အင်တာနက်၊ တယ်လီဖုန်းစတဲ့ ဆက်သွယ်ရေးလိုင်းတွေလည်း ဖွင့်လှစ်ပေးထားတာမို့ ကမ္ဘာတစ်ဝန်းက ပြည်သူတွေကောင်းမွန်တဲ့ အကြံပြုချက်တွေ ပေးပို့နိုင်ကြတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ကမ္ဘာတစ်ဝန်းက စိတ်ဝင်စားအောင် ကြိုးစားဆောင်ရွက်နေတဲ့ ၂၀၁၀ လူငယ်အိုလံပစ်ပွဲတော်ရဲ့ စည်ကားသိုက်မြိုက်မှုကိုတော့ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

တိုက်စစ်မှူး ရွန်နေ မန်ယူနှင့်စာချုပ်သစ်ချုပ်ဆိုလို

လန်ဒန် နိုဝင်ဘာ ၁၄

မန်ယူတိုက်စစ်မှူးရွန်နေက ၄င်းအနေဖြင့် ကျန်ရှိနေသော ဘောလုံးသမားဘဝကို အိုးထရက်ဖို့ဒ်မှာသာ အဆုံးသတ်စေလိုကြောင်း အတည်ပြုပြောကြားသည်။

ရွန်နေအား ဘာစီလိုနာက ခေါ်ယူရန် စိတ်ဝင်စားနေသည်။ သို့သော် အသက် ၂၄ နှစ်ရှိ အင်္ဂလန်တိုက်စစ်မှူးသည် ၂၀၀၄ ခုနှစ်တွင် အဲဗာတန်မှ ပြောင်းလာပြီးနောက် မန်ယူမှထွက်ခွာရန် ကြိုးစားခြင်းမရှိခဲ့ပေ။

မန်ယူမှာသာပျော်

"မိမိသည် မန်ယူမှာသာပျော်ကြောင်း၊ ယခုနှစ်ပြီးနောက် မန်ယူနှင့် လက်ရှိစာချုပ်နှစ်နှစ်ကျန်ရှိသေးကြောင်း၊ မကြာမီလများအတွင်း စာချုပ်သစ်ချုပ်ဆိုနိုင်ရေး ညှိနှိုင်းသွားမည်ဖြစ်ကြောင်း" ရွန်နေက ပြောကြားသည်။ **(အင်တာနက်)**

ချယ်လ်ဆီးကစားသမား လမ်းပတ် သုံးပတ်ခန့် အနားယူရဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၁၄

ချယ်လ်ဆီး ကွင်းလယ်ကစားသမား လမ်းပတ်သည် ဝဲဘက် ပေါင်ကြွက်သားထိခိုက်အနာတရဖြစ်နေ၍ သုံးပတ်ကြာအနားယူရဖွယ်ရှိကြောင်း ၄င်းကလပ်က အတည်ပြု ပြောကြားသည်။

အတူလေ့ကျင့်

လမ်းပတ်သည် အင်္ဂလန်နှင့် ဘရာဇီးတို့ ဒိုဟာမြို့၌ ချစ်ကြည်ရေးပွဲသွားရောက်ကစားရန်ပြင်ဆင်ခဲ့သည်။ သို့သော်လည်း ဒဏ်ရာကြောင့် လေဆိပ်မှပြန်လာခဲ့ရသည်ဟုဆိုသည်။ လမ်းပတ်နှင့် ရွန်နေတို့သည် အင်္ဂလန်အသင်းအတွက် ပါဝင်ကစားပေးရန် အတူလေ့ကျင့်ခဲ့ကြသေးသည်။

အသက်၃၁နှစ်ရှိပြီဖြစ်သော လမ်းပတ်၏ ဒဏ်ရာရရှိမှုသည် ချယ်လ်ဆီးပရိသတ်အတွက် စိုးရိမ်စရာဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် မကြာမီက အလားတူဒဏ်ရာရခဲ့ခြင်းကြောင့် ဖြစ်သည်။

လမ်းပတ်သည် ချယ်လ်ဆီးနှင့်ဂူလ်ဗာဟမ်တန်တို့ ကစားမည့်ပွဲ၊ ပေါ်တိုနှင့်ချန်ပီယံလိဂ်ကစားမည့်ပွဲ၊ နိုဝင်ဘာ ၂၉ ရက်တွင် အာဆင်နယ်နှင့် ကစားမည့်ပွဲများနှင့် လွဲချော်ဖွယ်ရှိသည်။ **(အင်တာနက်)**

ဝယ်တာဝိတ်တန်း ခါးပတ်လုပွဲ ကော့တိုနှင့် ပက်ကွိုင်အော ထိုးသတ်မည်

လန်ဒန် နိုဝင်ဘာ ၁၄

ပွာတိုရီကို လက်ဝှေ့သမား မီဂဲလ်ကော့တိုနှင့် ဖိလစ်ပိုင် လက်ဝှေ့သမား ပက်ကွိုင်အောတို့သည် လက်စ်ဗီးဂက်စ်မြို့၌ နိုဝင်ဘာ ၁၅ရက် **(ယနေ့)**တွင် ဒဗလျူဘီအိုဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

ပြင်ဆင်ထား

မီဂဲလ်ကော့တိုအနေဖြင့် ၄င်း၏ချန်ပီယံခါးပတ်ကို ကာကွယ်ရန် အသင့်ရှိနေသည်ဟု ဆိုသည်။ မိမိအနေဖြင့် အကောင်းဆုံး ပြင်ဆင်ထားကြောင်း အသက် ၂၉နှစ်ရှိ ကော့တိုက ပြောကြား သည်။ ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွိုင်အောသည် မေလက ဗြိတိသျှလက်ဝှေ့သမား ရစ်ကီးဟတ်တန်အား အလဲထိုးနိုင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

နိုင်ဂျီးရီးယား ဘောလုံးအသင်း ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်ပြီ

နိုင်ဂျီးရီးယား နိုဝင်ဘာ ၁၄

၂၀၁၀ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာဖရိကဇုန် ခြေစစ်ပွဲများကို နိုဝင်ဘာ ၁၄ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ နိုင်ဂျီးရီးယားက ကင်ညာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပြီး ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်သွားပြီ ဖြစ်သည်။ နိုင်ဂျီးရီးယားအတွက် ဂိုးများကို မာတင်က နှစ်ဂိုး၊ ယာကူဘူက တစ်ဂိုး သွင်းယူပေးခဲ့သည်။ **(အင်တာနက်)**

ပါရီမာစတာ တင်းနစ်ပြိုင်ပွဲ ရာဖေးလ်နာဒယ် အကြိုဗိုလ်လုမည်

ပါရီ နိုဝင်ဘာ ၁၄

စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ပါရီမာစတာဖလား တင်းနစ်ပြိုင်ပွဲတွင် တီဆွန်ဂါအား အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ရာဖေးလ်နာဒယ်သည် လက်ရှိချန်ပီယံ တီဆွန်ဂါအား ၇-၅၊၇- ၅ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ နာဒယ်သည် အကြိုဗိုလ်လုပွဲတွင် ဒီဂျိုကိုဗစ်နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

လန်ဒန် နိုဝင်ဘာ ၁၄

စတုတ်စီးတီးဂိုးသမား သောမတ်ဆိုရင်ဆင်သည် ၄င်း၏ ကလပ်နှင့် စာချုပ်သစ် ချုပ်ဆိုလိုက်ပြီဖြစ်၍ ၂၀၁၁ခုနှစ်အထိ စတုတ်စီးတီးအသင်းအတွက် ကစားပေးရမည် ဖြစ်သည်။

ပြောင်းရွှေ့

ဒိန်းမတ်လက်ရွေးစင် ဂိုးသမားဆိုရင်ဆင်သည် ၂၀၀၈ခုနှစ်က အက်စ်တွန်ဗီလာအသင်းမှ အလွတ်ပြောင်းရွှေ့လာခြင်းဖြစ်သည်။

တာဝန်ယူကစား

အသက် ၃၃နှစ်ရှိ ဂိုးသမားဆိုရင်ဆင်သည် ဒိန်းမတ်အသင်းအတွက် ပွဲပေါင်း ၈၄ ပွဲ ကစားပေးခဲ့ပြီးဖြစ်သည်။ လက်ရှိမှာလည်း ဒိန်းမတ်အသင်းအတွက် အဓိကအားထားရသော ဂိုးသမားတစ်ဦးဖြစ်သည်။ ၄င်းသည် ဂိုးသမားပီတာရှမိုက်ကယ်၏ နေရာတွင် အစားထိုး တာဝန်ယူကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

အားကစားသတင်း အတိုအထွာ

အာကာဟိန်း စုစည်းသည်

အင်္ဂလန်အသင်းအနာဂတ်ကို ရွန်နေဦးဆောင်မည်

အင်္ဂလန်အသင်းအနာဂတ်ကို ဦးဆောင်မည့်သူမှာ ရွန်နေဖြစ်ကြောင်း နည်းပြကာပယ်လိုက နိုဝင်ဘာ ၁၄ရက်တွင် ထုတ်ဖော်ပြောကြားသည်။

မန်ယူမှ ပေါ်တူဂီကစားသမား နာနီအား ဂျူဗင်းတပ်စ်နှင့် အေစီမီလန်တို့ စိတ်ဝင်စားနေ

မန်ယူကွင်းလယ်ကစားသမား နာနီအား ဂျူဗင်းတပ်စ်နှင့် အေစီမီလန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း၊ ကမ်းလှမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း မန်ယူကလပ်က နိုဝင်ဘာ ၁၄ရက်၌ သတင်းထုတ်ပြန်သည်။

ကာမဲလ်မီရင်းအား ဘလက်ဘန်းခေါ်ယူမည်

ဘလက်ဘန်းအသင်းသည် မိုနာကို ကလပ်ကွင်းလယ်ကစားသမားဟောင်း ကာမဲလ်မီရင်းအား ခေါ်ယူရန် ဆွေးနွေးနေပြီဖြစ်ကြောင်း ဘလက်ဘန်းနည်းပြ ဆမ်အလာဒိုက်က နိုဝင်ဘာ ၁၄ရက်၌ ထုတ်ဖော်ပြောကြားသည်။

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကစားကွင်းများ အားလုံးတည်ဆောက်ပြီးစီးပြီ

၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပမည့် အားကစားကွင်းများအားလုံး ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း တောင်အာဖရိက အားကစားအရာရှိများက နိုဝင်ဘာ ၁၄ရက်၌ပြောကြားသည်။

ကမ္ဘာ့ဖလားကို အာဂျင်တီးနား ဆွတ်ခူးနိုင်ခဲ့လျှင် နိုင်ငံလက်ရွေးစင်အဖြစ်မှ အနားယူမည်ဟု တီဗက်ဇ်ပြောကြား

အာဂျင်တီးနားအသင်းသည် လာမည့် ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပါက နိုင်ငံလက်ရွေးစင် ဘဝမှ အနားယူမည်ဖြစ်ကြောင်း မန်စီးတီး တိုက်စစ်မှူး တီဗက်ဇ်က နိုဝင်ဘာ ၁၄ ရက်၌ ထုတ်ဖော်ပြောကြားသည်။

အင်္ဂလန်မြေသို့ မော်ရင်ဟိုပြန်သွားမည်မဟုတ်

အင်္ဂလန်ဘောလုံးလောကသို့ မိမိပြန်သွားမည်ဆိုသော စကားများသည် ပုံပြင်သဖွယ်ဖြစ်ကြောင်း၊ မည်သည့်အခါမျှ မိမိ ပြန်သွားမည်မဟုတ်ကြောင်း ချယ်လ်ဆီးနည်းပြဟောင်းနှင့် အင်တာမီလန်နည်းပြ မော်ရင်ဟိုက နိုဝင်ဘာ ၁၄ရက်၌ ထုတ်ဖော်ပြောကြားသည်။

စပါးဂိုးသမား ကူဒီစီနီ ခွဲစိတ်ကုသမှုခံယူရမည်

လန်ဒန် နိုဝင်ဘာ ၁၄

စပါးဂိုးသမား ကားလို့စ်ကူဒီစီနီသည် နိုဝင်ဘာ၁၃ရက် နံနက်ပိုင်းက လန်ဒန်မြို့၌ ယာဉ်မတော်တဆထိခိုက်မှု ဖြစ်ခဲ့သဖြင့် လက်ကောက်ဝတ်နှင့် တင်ပါးဆုံရိုးထိခိုက်ဒဏ်ရာရသွားသည်။ ယင်းထိခိုက်မှုကြောင့် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည်။

အီတလီဂိုးသမား ကူဒီစီနီသည် ယင်းထိခိုက်ဒဏ်ရာများဖြင့် ဆေးရုံတင်ပို့လိုက်ရသည်။ ၄င်းသည် စပါးအသင်းအတွက် အဓိကအားထားရသော ဂိုးသမားဖြစ်သည်။ ယခုနှစ်ရာသီတွင် စပါးအတွက် ရှစ်ပွဲကစားပေးခဲ့ပြီးဖြစ်သည်။ ကူဒီစီနီသည် ယခုနှစ် ဇန်နဝါရီလက ချယ်လ်ဆီးမှ အလွတ်ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

သောမတ်ဆိုရင်ဆင် စတုတ်စီးတီးနှင့်စာချုပ်ထပ်မံချုပ်ဆို



မြင့်မောင်စိုး စုစည်းတင်ပြသည်။

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော လှာကမြင်-နောင်ကမြိုင် ကျေးလက်ကျောက်ချောလမ်း ပြုပြင်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၀ရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တမူးမြို့ ပါဟဲချောင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

တမူး နိုဝင်ဘာ ၁၀

စစ်ကိုင်းတိုင်း တမူးခရိုင် တမူးမြို့ ပါဟဲချောင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ရက် နံနက် ၉နာရီက အဆိုပါ ပါဟဲချောင်းကမ်းဘေး ကံကြီး ငကြိုး တံတားအနီး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် အောင်စန်းချစ်က အမှာစကားပြောကြားပြီး တက်ရောက်သူများက ပါဟဲချောင်းအတွင်း ငါးသားပေါက်ကောင်ရေ တစ်သိန်း စိုက်ထည့်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ကြို့ပင်ကောက်မြို့ ရွာမမြောက်ရပ်ကွက် ကန်ညီနောင်လမ်း အကျယ်၁၀ပေ၊ အရှည်ပေ ၁၀၀၀ရှိ ဂဝံကျောက်ချောလမ်းဖွင့်ပွဲကို နိုဝင်ဘာ၄ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးတင်အုန်း၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးလှစိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၁၈၁)

မြို့နယ်သတင်းများ

ခင်ဦးမြို့နယ်၌ တိုင်းရင်းဆေး ကွင်းဆင်းကုသ

ခင်ဦး နိုဝင်ဘာ ၉

ခင်ဦးမြို့နယ် လက်ပံကုန်းကျေးရွာ အမက၌ ရှပ်ပို့တိုင်းရင်းဆေး ကွင်းဆင်းကုသခြင်းနှင့် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၃ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က အမှာစကားပြောကြားပြီး ရှပ်ပို့တိုင်းရင်းဆေး သမားတော်ကြီး ဒေါက်တာ ဦးဘိုကြီး-သုမေ္မသီဂီ ဒေါ်တင်နု မိသားစုတို့က လက်ပံကုန်း အမကပြုပြင်ရန်အတွက် ငွေကျပ်နှစ်သိန်း၊ ကြို့ကန်း အမက အတွက် ငွေကျပ်နှစ်သိန်း၊ မြေနီသျှို အမကအတွက် ငွေကျပ်နှစ်သိန်းနှင့် တမုတ်ကျေးရွာအတွက်ငွေကျပ်တစ်သိန်း တို့ကို လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံပြီး တိုင်းရင်းဆေးဖြင့် ဝေဒနာရှင်၆၄၂ဦးတို့အား ဓိဝိတဒါနဆေးကုသပေးကြသည်။ (၁၈၂)

ကြက်ဥအတုများ ရောင်းချမှုမရှိရန် မိုးကောင်း၌ စစ်ဆေး

မိုးကောင်း နိုဝင်ဘာ ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာရဲထွန်းနှင့် ဝန်ထမ်းများပူးပေါင်း၍ အောက်တိုဘာ ၁၃ ရက်က မိုးကောင်းမြို့ မြို့မဈေးအတွင်း ဓာတုဗေဒနည်းဖြင့် ပြုလုပ်ထားသော ကြက်ဥအတုများ ရောင်းချခြင်း လုံးဝမရှိစေရန် စစ်ဆေးကြပ်မတ်ဆောင်ရွက်ကြသည်။ (၀၀၁)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် အောက်တိုဘာ၁၆ရက်က မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ဈေးချိုတန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အရေးပေါ်သုံးမြန်မာတိုင်းရင်းဆေးသေတ္တာ ဟသ်ာတ၌ ဖြန့်ဝေပေးအပ်

ဟသ်ာတ နိုဝင်ဘာ ၉

ဧရာဝတီတိုင်း ဟသ်ာတခရိုင် တိုင်းရင်းဆေးကုဌာနမှ အရေးပေါ်သုံးမြန်မာတိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲ၁နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက အမှာစကားပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ အရေးပေါ်သုံးမြန်မာတိုင်းရင်းဆေးသေတ္တာများကို ဖြန့်ဝေပေးအပ်ရာ ဟသ်ာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်မြို့နယ်နှင့် နိဗ္ဗာန်ကျေးရွာတို့မှ တာဝန်ရှိသူများက အသီးသီးလက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော မဟာဗန္ဓုလလမ်း လမ်းဘေးဝဲယာ ကတ်တုံးများအား အငယ်တန်းအင်ဂျင်နီယာ-၃ ဦးဇေမင်းမင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇေယျာဇော်မျိုးတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၄၇)

နတ်မောက်၌ လူထုတက္ကသိုလ် စာကြည့်တိုက်ဆောက်

နတ်မောက် နိုဝင်ဘာ ၆

နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှရှိန်သည် အောက်တိုဘာ၂၁ရက်က နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၀သိန်းဖြင့် ဆောက်လုပ်လျက်ရှိသော ဝက်ချပ်ကျေးရွာ လူထုတက္ကသိုလ်စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက် ဆောက်လုပ်ရေးသုံးစွဲငွေများကို စနစ်တကျသုံးစွဲရေး၊ သတ်မှတ်ကာလအတွင်း ရုံးချုပ်မှ သတ်မှတ်ပေးသည့် စံပြစာကြည့်တိုက် အရွယ်အစားအတိုင်း ပြီးစီးအောင် ဆောက်လုပ်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဖြစ်ဆောင်ရွက်မည့် ကျိုင်းယင်းကျောင်းလမ်းကို အောက်တိုဘာ ၂၈ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မွန်ပြည်နယ် ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ကွံ့ခိုင်မှုအခြေအနေကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးအောင်နိုင်မိုးနှင့်တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြယဉ်ငေးရိပ်သာလမ်း ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့်အဖွဲ့ အောက်တိုဘာ ၂၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမိုးထိုက်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရှေးဦးသူနာပြုအခြေခံအဆင့်သင်တန်းဆင်း

မြစ်ကြီးနား နိုဝင်ဘာ ၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကြက်ခြေနီအသင်းက ကြီးမှူး၍ ရှေးဦးသူနာပြုစုခြင်း(အခြေခံ)အဆင့်သင်တန်း အမှတ် (၈/၂၀၀၉)သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ၂၆ရက် နံနက် ၁၀ နာရီက အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဂဲနက်(စ်)က အဖွင့်အမှာစကားပြောကြားပြီး အထက(၄) ကျောင်းအုပ်ကြီး ဦးဥက္ကာက ကျေးဇူးတင်စကားပြောကြားသည်။

ဆုများပေးအပ်

ဆက်လက်၍ သင်တန်းတွင် ထူးချွန်စွာအောင်မြင်ကြသူများအား တာဝန်ရှိသူများက အောင်လက်မှတ်များနှင့် ဆုများ ပေးအပ်ကြသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဂဲနက်(စ်)နှင့် ကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒုတိယရဲမှူးဇော်ဝင်းထပ်နှင့်အမှုဆောင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ နည်းပြဆရာများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ အထက(၄)မှ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏ လမ်းများ (၁၁)

နေပြည်တော် နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) တွင် ပါဝင်ပြီး တောင်အာရှနိုင်ငံများ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများ (SAARC) အဖွဲ့ဝင်နိုင်ငံလည်းဖြစ်၍ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ (BIMSTEC) နှင့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ (BCIM) စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံလည်းဖြစ်သည်။ *စာမျက်နှာ ၆ ကော်လံ ၁* ✳

သတင်းဆောင်းပါး
ခရမ်း-စိုးမြင့်

မှတ်တမ်းဓာတ်ပုံ
ဆောက်လုပ်ရေးဝန်ကြီးဌာန

စာမျက်နှာဖွဲ့စည်းမှု
လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

သတင်းခရီးသည် ကျော်စိန်နှင့် ဓာတ်ပုံလက်ရာ အောင်သန်း(မင်္ဂလာတောင်ညွန့်)တို့၏ စိုက်ပျိုးရေဝေလျှံ ပုလဲမြို့က ကန့်ဒေါင့်ရေလှောင်တမံ ဆောင်းပါးကို စာမျက်နှာ (၁၀)တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဤပြည်ထောင်စုတပ်မတော်ကြီး အတွင်း၌ တိုင်းရင်းသား ငြိမ်းချမ်းရေး အထူးတပ်ဖွဲ့များ နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ဝင်ရောက်လာခြင်းမှာ ငမောက်ပတ္တမြားကို စိန်သားဖြင့် စီခြယ်သကဲ့သို့ ပန်းသင့်လှပေတော့သည်။

ကိုမြန်မာ၏ ဆောင်းပါး စာ-၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။

စစ်ကိုင်းတိုင်း ပုလဲမြို့နယ်အတွင်း လယ်မြေဧရိယာဧက ၂၀၀အတွက် တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေပေးဝေနိုင်မည့် ကန့်ဒေါင့်ရေလှောင်တမံကို ဤသို့တွေ့ရသည်။ ဓာတ်ပုံလက်ရာ-အောင်သန်း(မင်္ဂလာတောင်ညွန့်)